MYANMAR **MEITI** Extractive Industries Transparency Initiative

# ၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၂၉) ရက်နေ့၊ နံနက် (၀၉း၀၀) မှ ညနေ (၀၅း၀၀) နာရီအထိ နေပြည်တော်၊ Horizon Lake View Resort တွင်ကျင်းပပြုလုပ်သော ဒုတိယအကြိမ်မြန်မာနိုင်ငံ သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ကြီး၏ ဒသမအကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့စည်းအဝေးမှတ်တမ်း

## ရည်ရွယ်ချက်

၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်ကိုလွှမ်းခြုံသော EITI အစီရင်ခံစာမူကြမ်းထွက်ရှိပြီးဖြစ်သည့်အတွက် ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ IA အဖွဲ့မှ ရှင်းလင်းတင်ပြခြင်း နှင့် ဆွေးနွေးကြခြင်း၊ Internaltional Secretariat မှ အစီရင်ခံစာအပေါ်တွင် ၎င်းတို့၏မှတ်ချက်များ နှင့် အကြံပြုချက်များပေးခြင်း၊ Beneficial Ownership (BO) Consultant အဖြစ်ရွေးချယ်ခံရသည့် Adam Smith International (ASI) မှ ၎င်းတို့ဆောင်ရွက်မည့်လုပ်ငန်းများကို လာရောက်ရှင်းလင်းတင်ပြခြင်း၊ ဒုတိယအကြိမ်သစ်တောကဏ္ဍ နယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာအားရှင်းလင်းတင်ပြခြင်း နှင့် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်း ခွဲကော်မတီတွင် သဘောတူဆုံးဖြတ်ထားသည့် ကိန်းဂဏန်းပိုင်းဖြတ်မှု (Materiality Threshold) အားတင်ပြခြင်း နှင့် အတည်ပြုချက်ရယူခြင်း၊ Mining Cadastre Consultant မှ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် နှင့် အချိန်ဇယားများကို တင်ပြခြင်း၊ EITI စံနှုန်းလိုအပ်ချက် (၇.၁ -၈) အရ ဆောင်ရွက်ရမည့် Open data policy နှင့်စပ်လျဉ်း၍ဆောင်ရွက်ထားရှိချက်များ အားတင်ပြခြင်း၊ တိုင်းနှင့်ပြည်နယ်အဆင့် လုပ်ငန်းအဖွဲ့ (SNU) များဖွဲ့စည်းရန်အတွက် တနင်္သာရီတိုင်းဒေသကြီးရှိ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရ နှင့် လွှတ်တော်ဥက္ကဋ္ဌအဖွဲ့များနှင့် SNU orientation ဆောင်ရွက်ခဲ့မှုအခြေအနေများအားတင်ပြခြင်း နှင့် SNU ဖွဲ့စည်းခြင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပမည့် ရက်သတ်မှတ်ခဲ့ပုံတို့ကိုတင်ပြခြင်း၊ International Secretariat နှင့် Beneficial Ownership Consultant (BO) တို့မှ အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးသွားမည့် အစီအစဉ်များကို တင်ပြခြင်း နှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပပြုလုပ်မည့် MSG အစည်းအဝေး၊ sub-committee အစည်းအဝေးများအတွက် အချိန်ဇယား ရေးဆွဲရန်စသည့် ရည်ရွယ်ချက်တို့ဖြင့် ဒသမအကြိမ်မြောက် MEITI-MSG အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည် ။

No. (24-26), Unit 6F, Level 6, South Horse Race Course Street, Tamwe Township, Yangon.
No. (39), Thiriyadanar Complex, Zabuthiri Township, Nay Pyi Taw.
+959 400888123 | communication@myanmareiti.org | www.myanmareiti.org

Fiscal Policy, Strategy and EITI Division, Budget Department, Office No (26), Naypyidaw.
067-410533, | myanmareiti.mopf@gmail.com

## အစည်းအဝေးတက်ရောက်သူများ

ဒသမအကြိမ်မြောက် MEITI-MSG အစည်းအဝေးသို့ MEITI ဦးဆောင်ကော်မတီ အဖွဲ့ဝင် (၃) ဦး၊ သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့မှ အစိုးရကိုယ်စားလှယ် (၉) ဦး၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ် (၉) ဦး၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ် (၆) ဦး၊ ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ် (၂) ဦး၊ အလှူရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၇) ဦး၊ MOBD မှ ကိုယ်စားလှယ် (၈) ဦး၊ NCS ရုံးမှ တာဝန်ရှိသူ (၁၃) ဦး နှင့် အခြားသောလေ့လာသူများ (၁၂) ဦး၊ Moore Stephens အဖွဲ့မှ local partner အပါအဝင် (၂)၊ Adam Smith International အဖွဲ့မှ ကိုယ်စားလှယ် (၃) ဦး၊ International Secretariat အဖွဲ့မှ ကိုယ်စားလှယ် (၂) ဦး၊ ဦးစုစုပေါင်း ကိုယ်စားလှယ် (၇၆) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး တက်ရောက်သူများ စာရင်းအသေးစိတ် ကို နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားပါသည်။

## ၁။ မိတ်ဆက်စကားပြောကြားခြင်း

ဒသမအကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ အစည်းအဝေးသို့ တက်ရောက်လာသော ဦးဆောင်ကော်မတီအဖွဲ့ဝင်များဖြစ်သည့် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများအား အစည်းအဝေးသို့တက်ရောက်လာကြသည့် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဥက္ကဋ္ဌ နှင့် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များမှ မိတ်ဆက်စကားပြောကြားခဲ့ကြပါသည်။ မိတ်ဆက်စကားပြောကြားရာတွင် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဥက္ကဋ္ဌမှ (၁၀) ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ပေးသည့် ပြည်ထောင်စုဝန်ကြီး (၃) ပါးအားကျေးဇူးတင်ရှိကြောင်း နှင့် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ ကိုယ်စားလှယ်တော်များ အားလုံး ကို ကျေးဇူးတင်ရှိကြောင်း မိတ်ဆက်ခဲ့ပြီး သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များမှလည်း မိတ်ဆက်စကား ပြောကြားခဲ့ပါသည်။

## ၂။ မြန်မာနိုင်ငံ EITI ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ စီမံကိန်း နှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းမှ အဖွင့်မိန့်ခွန်းပြောကြားခြင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းမှ အဖွင့်အမှာစကားပြောကြားရာတွင် MEITI (၁၀) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့အစည်းအဝေးတွင် အဖွဲ့ကိုယ်စား ဝန်ကြီးများအနေဖြင့် ပါဝင်ဆွေးနွေးပြောကြားခွင့်ရသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ ကြွရောက်လာ

ကြသည့်သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် နှင့် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဥက္ကဌ ဦးမောင်မောင်ဝင်း၊ ဒုတိယဥက္ကဌ ဦးဝင်းထိန် နှင့် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များ၊ အမျိုးသားအဆင့်ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံးမှ ညှိနှိုင်းဖော်ဆောင်ရေးမှူးနှင့် တာဝန်ရှိသူများ၊ နိုင်ငံတစ်ကာ Secretariat ရုံးမှ တာဝန်ရှိသူများ၊ BO consultant၊ Independent Administrator၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များအားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများအများအပြားရှိနေသေးကြောင်း၊ ယခုအချိန်တွင် EITI လုပ်ငန်းစဉ်သည် candidate မှ compliance အဖြစ်ရောက်ရှိအောင် ကြိုးပမ်းနေချိန်တွင် ဆောင်ရွက်စရာအများကြီးကျန်ရှိနေသေးကြောင်း၊ EITI တွင် transparency သည်ပါဝင်သည့်အတွက် ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်ရန်သည် အရေးကြီးကြောင်း၊ နိုင်ငံတော်မှပိုင်ဆိုင်သည့် သယံဇာတကို အစိုးရ (သို့) ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ထုတ်ယူရာတွင် တိုင်းရင်းသား ပြည်သူများအတွက် တကယ်အကျိုးရှိအောင် ဆောင်ရွက်ရန်မှာ အရေးကြီးကြောင်း၊ ယခင်ကယင်းသို့ ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့သည့်အတွက် ယခုအခါ EITI လုပ်ငန်းစဉ်ကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခွင့်ပြုသည့်အပိုင်း၊ ထုတ်ယူသုံးစွဲသည့်အပိုင်း နှင့် အကျိုးရှိမရှိကို စဉ်ဆက်မပြတ်အကဲဖြတ်နေရန်လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် အစိုးရပိုင်းတွင်သာမက အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည်အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်ကို အစိုးရတစ်ခု တည်းမှ တည်ဆောက်နိုင်မည်မဟုတ်ကြောင်း နှင့် တာဝန်သိသောတိုင်းရင်းသား ပြည်သူများပါဝင် တည်ဆောက်မှသာလျှင် အောင်မြင်နိုင်ကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများမှတဆင့် ပြည်သူများ၏လိုလားတောင့်တချက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ အစိုးရပိုင်းအနေဖြင့် လုပ်ဆောင် နေသည့်အရာများကိုဘာမှဖုံးကွယ်ထား စရာမလိုအပ်ကြောင်း၊ ပြည်သူများ၏လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရေးသည်လည်း အစိုးရ၏ရည်မှန်းချက်သာဖြစ်ကြောင်း၊ နောင်မျိုးဆက်သစ်များအတွက် ကောင်းမွန် သော ပတ်ဝန်းကျင်တစ်ရပ်ကိုဖန်တီးပေးရေးသည်လည်း အလွန်အရေးကြီးကြောင်း၊ ယင်းသို့ဖော်ဆောင် ပေးနိုင်ရေးအတွက် EITI သည်အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေသည့် အစိုးရအဖွဲ့အနေဖြင့် transparency မရှိလျှင်ကိုယ်ကျိုးဆောင်ရွက်ချက်များ ပါဝင်လာပြီး ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊

ပြည်သူမှရွေးချယ်ထားသည့် အစိုးရတစ်ရပ်အနေဖြင့် အဂတိလိုက်စားမှု ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးသည်အလွန်အရေးကြီးကြောင်း၊ ယင်းသို့စိတ်ထားဆောင်ရွက်ခြင်းအားဖြင့် EITI လုပ်ငန်းစဉ်သည် အောင်မြင်နိုင်ကြောင်း၊ EITI တွင် compliance country ဖြစ်စေနိုင်ရေးသာမကဘဲ နောင်လာနောင်သားများအတွက် ကောင်းမွန်သည့်ပတ်ဝန်းကျင်တစ်ရပ်ဖန်တီးနိုင်ရေးကို ရည်မှန်းချက်တစ်ရပ်အဖြစ်ထားရှိရေးသည်အရေးကြီးကြောင်း၊ ယင်းအတွက် ယနေ့အစည်းအဝေးတွင် တက်ရောက်လာ သူများအနေဖြင့် မိမိတို့၏အတွေ့အကြုံ၊ ဗဟုသုတများ၊ စိတ်စေတနာများ နှင့် ပိုင်းဝန်းဆွေး နွေးပေးကြပါရန် နှင့် ယနေ့အချိန်တွင် ကမ္ဘာမြေကြီးကို စွန့်ခွာ၍ အခြားကမ္ဘာသို့အခြေချရန်ကြိုးပမ်းနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် အခြားကမ္ဘာတစ်ခုသို့နေထိုင်ရန်စဉ်းစားစရာမလိုဘဲ မြန်မာနိုင်ငံကောင်းရာကောင်းကျိုးဖြစ်အောင်ဆောင်ရွက်ခြင်း နှင့် မိမိနိုင်ငံကိုသာ စိမ်းလန်းစိုပြေသာယာအောင် ထားရှိခြင်းသည် ကမ္ဘာကြီးကို စိမ်းလန်းစိုပြေဝပြောအောင် ထားခြင်းဖြစ်ကြောင်း၊ ၎င်းတို့ ဦးဆောင်ကော်မတီအဖွဲ့ဝင်များအနေဖြင့်လည်း ဆွေးနွေးပေးကြသည့်သူများအားလုံး၏ အကြံညာဏ်များကိုလည်းလေးစားစွာ မှတ်တမ်းတင်ပြီး စဉ်းစားပေးသွားမည်ဖြစ်ကြောင်း နိဂုံးချုပ်ပြောကြားခဲ့ပါသည်။

### ၃။ မြန်မာနိုင်ငံ EITI ဦးဆောင်ကော်မတီ အဖွဲ့ဝင် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းမှ အဖွင့်အမှာစကားပြောကြားခြင်း

သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မှ အောက်ပါအတိုင်း အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

"မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ (၁၀) ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်း ဆက်သအပ်ပါတယ်။

၁။ မြန်မာနိုင်ငံ EITI တင်းပြည့်အဖွဲ့ဝင်နိုင်ငံ (Compliant Country) ဖြစ်ရေး ဆောင်ရွက်နိုင်ရန်အတွက် ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီ၊ အစိုးရ၊ ပုဂ္ဂလိက နှင့် အရပ်ဘက်အဖွဲ့အစည်းများပါဝင်သော သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ နှင့် ဆပ်ကော်မတီအဖွဲ့များဖွဲ့စည်းရာတွင် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကဏ္ဍအလိုက်အဖွဲ့ဝင်ကိုယ်စားလှယ်များပူးပေါင်းဆောင်ရွက်ခဲ့ ပါတယ်။

၂။ ဒါ့အပြင် မိမိတို့ဝန်ကြီးဌာနတွင်လည်း မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် Working Group များဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

၃။ မြန်မာနိုင်ငံ EITI ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာအတွက် လွတ်လပ်သော စာရင်းတိုက်ဆိုင်စစ်ဆေးသည့်အဖွဲ့ဖြစ်သော Moore Stwphens ၏ Materiality Analysis အရ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍမှ ၈၀% နှင့် သတ္တုကဏ္ဍမှ ၂၀% ရရှိကြောင်း သိရှိရပါတယ်။

၄။ Materiality Analysis အရ သတ္တုကဏ္ဍ၏ ဝင်ငွေအားလုံးတွင် ကျောက်စိမ်း၊ ကျောက်မျက်မှ ၉၀% နှင့် အခြားသတ္တုမှ ၁၀% ရရှိခဲ့ပါတယ်။

၅။ Payment Threshold အရ သတ္တုကဏ္ဍတွင် ၂၀၁၄-၁၅ ဘဏ္ဍာနှစ် အတွက် ကျောက်စိမ်း၊ ကျောက်မျက်၏ ဝင်ငွေခွန် ၇၀% ကို လွှမ်းခြုံသော ကုမ္ပဏီ (၆၉) ခုနှင့် အခြားသတ္တုအတွက် ဝင်ငွေခွန် ၈၀% ကိုလွှမ်းခြုံသော ကုမ္ပဏီ (၂၉) ခုတို့အားလည်းကောင်း၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွက် ကျောက်စိမ်းကျောက်မျက်၏ ဝင်ငွေခွန် ၇၀% ကိုလွှမ်းခြုံသော ကုမ္ပဏီ (၅၁) ခုနှင့် အခြားသတ္တုအတွက် ဝင်ငွေခွန် ၈၀% ကိုလွှမ်းခြုံသော ကုမ္ပဏီ (၂၈) ခုတို့အားလည်းကောင်း၊ အသေးစိတ်တိုက်ဆိုင်စစ်ဆေးခြင်း (Reconciliation Scope) ပြုလုပ်ပေးခဲ့ပါတယ်။

၆။ ဒါ့အပြင် ပုလဲကဏ္ဍ နှင့် သက်ဆိုင်သည့် အချက်အလက်များ၊ အသေးစိတ်တိုက်ဆိုင်စစ်ဆေးခြင်းတွင်မပါဝင်သော ကျောက်မျက်ကုမ္ပဏီ (၁၆၀၀) နှင့် သတ္တုကုမ္ပဏီ (၁၀၂၀) တို့၏ လုံးရင်းပေါင်းချုပ် (Unilateral Disclosure)၊ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးသွင်းသည့် ဝင်ငွေပေါင်းချုပ် (Payment Flow)၊ သက်တမ်းရှိ ကုမ္ပဏီများစာရင်း နှင့် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တို့အတွင်း ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် ကုမ္ပဏီများစာရင်းတို့ကို ဖော်ပြခဲ့ပါတယ်။

၇။ အစီရင်ခံစာတွင် စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍတို့အပြင် ပုလဲကဏ္ဍကိုပါ ထည့်သွင်းဖော်ပြထားပါတယ်။ သစ်တောကဏ္ဍကိုလည်း Supplementary Report အနေဖြင့် ပူးတွဲတင်ပြမှာဖြစ်ပါတယ်။

၈။ မြန်မာနိုင်ငံ ပထမအကြိမ်အစီရင်ခံစာတွင် IA မှ အကြံပြုချက် (၁၄) ချက်တွင် မိမိတို့ဝန်ကြီးဌာန နှင့် သက်ဆိုင်သည့်အကြံပြုချက် (၆) ချက်အား မြန်မာနိုင်ငံ EITI ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံးသို့ ပေးပို့ထားပါတယ်။

၉။ မြန်မာနိုင်ငံ EITI အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည့် Mining Cadastre အတွက် မိမိတို့ဝန်ကြီးဌာနရှိ ဘူမိဗေဒလေ့လာရေး နှင့် ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်နေပါတယ်။

၁၀။ Beneficial Ownership (BO) နှင့်ပတ်သက်ပြီး ၂၀၁၆ ခုနှစ် EITI စံနှုန်းအရ ၂၀၂၀ တွင် ထုတ်ပြန်ကြေညာရမည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံသည် ကနဦးအနေဖြင့် ဒုတိယ နှင့် တတိယအစီရင်ခံစာတွင် BO နှင့်သက်ဆိုင်သည့် အချက်အလက်အချို့ကို နောက်ဆက်တွဲအနေဖြင့် စမ်းသပ်ထည့်သွင်း ဖော်ပြထားပါတယ်။ မိမိဝန်ကြီးဌာနအနေဖြင့် BO လမ်းပြမြေပုံ နှင့် လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သည့် BO Task Force ဖွဲ့စည်းနိုင်ရန်ကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေပါတယ်။

၁၁။ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လက်ရှိ မြန်မာ့သတ္တုတွင်း နည်းဥပဒေအသစ်ထုတ်ပြန်နိုင်ရေးအတွက် နည်းဥပဒေ (မူကြမ်း) အား လုံခြုံရေး ၊ တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၏ (၁၈/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ " အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆွေးနွေး၍ ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြဆောင်ရွက်သွားရန်" လမ်းညွှန်ခဲ့သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများထံ သဘောထားတောင်းခံခဲ့ပြီး ၎င်းသဘောထားမှတ်ချက်များနှင့်အညီပြင်ဆင်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပြီး သဘောတူညီချက်ရရှိပါက အမိန့်ကြော်ငြာစာထုတ်ပြန်မည်ဖြစ်ပါတယ်။

၁၂။ ကျောက်စိမ်း၊ ကျောက်မျက်ကဏ္ဍရေရှည်ဖွံ့ဖြိုးစေရန်၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေရှည်အထောက်အကူဖြစ်စေမည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ကျောက်မျက်ရတနာလုပ်ငန်းများပေါ်ပေါက်ရေးအတွက် ကျောက်မျက်ရတနာကဏ္ဍ အထောက်အကူပြုကော်မတီ (Supporting Committee) ကိုဖွဲ့စည်းထားပြီး ကျောက်မျက်ရတနာမူဝါဒရေးဆွဲနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။

၁၃။ ဒါ့အပြင် အမျိုးသားဓါတ်သတ္တုသယံဇာတမူဝါဒရေးဆွဲနိုင်ရေးအတွက် ဝန်ကြီးဌာန၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှင့် ပြည်တွင်းကျွမ်းကျင်ပညာရှင်တို့ဖြင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။

၁၄။ နိုင်ငံချုပ်အနေဖြင့် သဘာဝသယံဇာတအရင်းအမြစ်များကို တူးဖော်ထုတ်လုပ်ရာတွင် ကောင်းမွန်သောစီမံ ခန့်ခွဲမှုစနစ် အထောက်အကူပြုစေရန် နှင့် သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် မြန်မာနိုင်ငံသည် EITI

တင်းပြည့်အဖွဲ့ဝင်နိုင်ငံ (Compliant Country) ဖြစ်ရေးဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

### ၄။ မြန်မာနိုင်ငံ EITI ဦးဆောင်ကော်မတီ အဖွဲ့ဝင်၊ လျှပ်စစ် နှင့် စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်မှ အဖွင့်အမှာစကားပြောကြားခြင်း

စွမ်းအင် နှင့် လျှပ်စစ်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်မှ အဖွင့်အမှာစကား ပြောကြားရာတွင် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အစည်းအဝေးသို့ ကြွရောက်လာကြသည့် သူများအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေဟုဆုတောင်းပေးကြောင်း၊ EITI လုပ်ငန်းစဉ်သည် နိုင်ငံစီးပွားရေးအတွက် အရေးကြီးကြောင်း၊ သဘာဝသယံဇာတအရင်းအမြစ်များကိုပွင့်လင်းမြင်သာမှုရှိစွာ နှင့် ကောင်းမွန်စွာစီမံခန့်ခွဲနိုင်ရေးသည်အရေးကြီးကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် EITI အဖွဲ့ဝင်လောင်းနိုင်ငံမှ တင်းပြည့်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်အောင် ကြိုးပမ်းနေသည့်ကာလဖြစ်ကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရေနံ နှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းအနေဖြင့် ဒုတိယအကြိမ် ၂၀၁၄-၁၅ EITI အစီရင်ခံစာမူကြမ်းတွင် Total revenue ၏ ၈၆ ရာခိုင်နှုန်းပါဝင်ပြီး စာရင်းတိုက်ဆိုင်စစ်ဆေးမှု ကွဲလွဲချက်တွေ့ရှိမှုရာခိုင်နှုန်းအနည်းဆုံးဖြစ်ကြောင်း၊ ကွဲလွဲချက်တွေ့ရှိသည့် စာရင်းများအတွက်လည်း ပြန်လည်တိုက်ဆိုင်စစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အပြီးသတ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ၂၀၁၅-၁၆ EITI အစီရင်ခံစာမူကြမ်းကိုလည်း ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလပထမအပတ်တွင် လက်ခံရရှိမည်ဖြစ်သောကြောင့် သက်ဆိုင်ရာဌာနအလိုက်တာဝန်ရှိသူများအနေဖြင့်လည်း ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြပါရန် နှင့် ၂၀၂၀ ခုနှစ် EITI အစီရင်ခံစာတွင် ပါဝင်ဆောင်ရွက်မည့် BO လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍လည်း ၎င်းတို့ဝန်ကြီးဌာနမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ MEITI ဒုတိယအကြိမ်အစီရင်ခံစာထွက်ရှိရေးအတွက် အဘက်ဘက်မှပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည့် ပုဂ္ဂိုလ်များ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ ဆက်လက်၍လည်း ဆောင်ရွက်ရမည့် အကဲဖြတ်ဆန်းစစ်ခြင်း (Validation) လုပ်ငန်းစဉ်တွင်လည်း အားလုံးတက်ညီလက်ညီ နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် နိဂုံးချုပ်ပြောကြားခဲ့ပါသည်။

## ၅။ 2014 - 2015 Myanmar EITI Main Report မူကြမ်း နှင့်ပတ်သတ်၍ဆွေးနွေးတင်ပြခြင်း (IA -Moore Stephens)

Mr. Hedi မှ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်ကို လွှမ်းခြုံသော ဒုတိယအကြိမ် EITI အစီရင်ခံစာကို ရှင်းလင်းတင်ပြရာတွင် ၎င်းအနေဖြင့် အပိုင်း (၈) ပိုင်းခွဲခြားပြောကြားမည်ဖြစ်ကြောင်း၊ ၎င်းတို့မှာ

- Key figures
- Reconciliation Scope
- Completeness and accuracy of EITI data
- Extractive sector revenues
- Reconciliation results
- Other information
- Recommendations
- Schedule တို့ဖြစ်ကြောင်း နှင့် keys figures များအနေဖြင့် ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံအတွက် ဒုတိယအကြိမ်အစီရင်ခံစာဖြစ်ကြောင်း၊ ကဏ္ဍာခွဲ (၄) ခုကိုလွှမ်းခြုံထားကြောင်း၊ နောက်ဆုံးကွဲလွဲချက်ရာခိုင်နှုန်းမှာ ၁.၀၃ ရာခိုင်နှုန်းဖြစ်ကြောင်း၊ သယံဇာတတူးဖော်ထုတ်လုပ်မှုမှ နိုင်ငံ၏ GDP အပေါ်ထည့်ဝင်မှုမှာ ၇ % ဖြစ်ကြောင်း၊ နိုင်ငံတော်အခွန်ဘဏ္ဍာတော်ငွေသို့ ထည့်ဝင်မှုမှာ ၂၀.၈% ဖြစ်ကြောင်း၊ နိုင်ငံတော်၏တင်ပို့မှုပမာဏ ၅၃.၁% ကိုကိုယ်စားပြုကြောင်း နှင့် အစီရင်ခံစာတွင် ပါဝင်သောကုမ္ပဏီများနှင့် နိုင်ငံတော်ပိုင်လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ၀.၂% ကိုဖန်တီးပေးကြောင်း ရှင်းလင်းခဲ့ပါသည်။

၂၀၁၄-၁၅ ခုနှစ်အတွက် ရေနံ နှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီ (၄၁) ခု၊ ကျောက်မျက်နှင့်ကျောက်စိမ်းကုမ္ပဏီ (၇၂) ခုနှင့် သတ္တုကုမ္ပဏီ (၂၉) ခုပါဝင်ပြီး ၁၀၀%၊ ၆၁% နှင့် ၆၀% လွှမ်းခြုံကြောင်း၊ ဒေတာအ ချက်အလက်များ ယုံကြည်စိတ်ချရမှုနှင့်စပ်လျဉ်း၍ ကုမ္ပဏီများဘက်မှ Gail JJ India Ltd. နှင့် သတ္တုကုမ္ပဏီများဘက်မှ Bagan Business Group တို့မှလွဲ၍ ကုမ္ပဏီများအားလုံးမှ MSG တောင်းဆိုထားသည့်အတိုင်း reporting templates များကို လက်မှတ်ရေးထိုးပေးပို့ကြောင်း၊ အစိုးရကဏ္ဍမှဒေတာများအားလုံးမှာလည်း ပြည်ထောင်စုစာ ရင်းစစ်ချုပ်ရုံးမှ အတည်ပြုထားသည့် ဒေတာများဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

ယင်းနောက်ငင်းမှ ကုမ္ပဏီများဘက်မှ အစိုးရသို့ ပေးဆောင်သည့်အခွန်စာရင်း နှင့် အစိုးရမှ ကောက်ခံရရှိသည့် အခွန်စာရင်းတို့ကို တိုက်ဆိုင်စစ်ဆေးရာ စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းရလဒ်အနေဖြင့် ရေနံ နှင့် သဘာဝဓါတ်ငွေ့အနေဖြင့် -၀.၇၈% ကွာခြားကြောင်း၊ ကျောက်မျက်ကျောက်စိမ်းကဏ္ဍအနေဖြင့် -၂.၆၈% ကွာခြားကြောင်း၊ သတ္တုကဏ္ဍအနေဖြင့် -၁၇.၁၄ ကွာခြားကြောင်း နှင့် ရေနံ နှင့်သဘာဝဓါတ်ငွေ့သယ်ယူပို့ဆောင်ရေးကဏ္ဍအနေဖြင့် ၀.၆၅% ကွာခြားကြောင်း၊ စုစုပေါင်းအနေဖြင့် -၁.၀၃ ကွာခြားကြောင်း၊ နိုင်ငံတော်ပိုင်လုပ်ငန်းများမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ပေးဆောင်သည့် အခွန်ငွေများနှင့် MOPF မှရရှိသည့်အခွန်ငွေများကို စာရင်းတိုက်ဆိုင်စစ်ဆေးရာ မြန်မာ့ရေနံ နှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းမှ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ budget account သို့ပေးသွင်းသည့် ဘဏ္ဍာငွေကွာဟချက်မှာ ၁၀၂,၆၅၂ million kyats ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) မှပေးသွင်းသည့်ငွေတွင် ကွာဟချက်မရှိသော်လည်း သီးခြားအကောင့်ထဲသို့ပေးသွင်းသည့် ဘဏ္ဍာငွေကွာဟချက်မှာ ၄၁၆,၂၅၁ million kyats ဖြစ်ကြောင်း၊ သတ္တုတွင်းလုပ်ငန်းအမှတ် (၁) နှင့် အမှတ် (၃) အနေဖြင့်လည်း ကွာဟချက်မရှိကြောင်း၊ အမှတ် (၂) အနေဖြင့် ၂၀၂၁ million kyats တွေ့ရကြောင်း နှင့် သီးခြားအကောင့်ကွာဟချက်အနေဖြင့် -၂၆၀၀၉ million kyats ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ယင်းနောက်ငင်းမှ ၂၀၁၄-၁၅ ခုနှစ်အစီရင်ခံစာအတွက် အကြံပြုချက် အချက် (၂၀) ရှိကြောင်းပြောကြားခဲ့ပြီး ယင်းအချက် (၂၀) အားရှင်းလင်းတင်ပြခဲ့ပါသည်။

အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးရာတွင် အစီရင်ခံစာများတွင်ပါဝင်သည့် အချက်အလက်များအတွက် ပူးပေါင်းဆောင်ရွက်ပေးကြသည့် သက်ဆိုင်ရာအစိုးရဌာနများနှင့် ကုမ္ပဏီများအား ကျေးဇူးတင်ရှိကြောင်း၊ အစီရင်ခံစာထဲရှိ summary page 17 တွင်ပါဝင်သည့် net reconcile percentage က ၁ ရာခိုင်နှုန်းဖြစ်ပြီး (Pg – 90 to 100 တွင်အသေးစိတ်ဖော်ပြထားကြောင်း) positive difference 64 billion နှင့် negative difference 96 billion ရှိသည့်အတွက် ပေါင်းလိုက်သည့်အခါ 160 billions ရှိပြီး ကွာခြားချက် ၅% ရာခိုင်နှုန်းဖြစ်ရမည်ဖြစ်ကြောင်း၊ ချေပစ်လိုက်သည့်အခါ 32 billion ဟုပြောထားကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းကို သဘောမတူကြောင်း ပြောကြားခဲ့ပါသည်။

အဖြေ - The companies paid 100 but, we are not sure 100 in reporting template. Positive & negative difference – the decisions is up to MSG. We are doing the best to reconcile the

differences. If we can not reconcile the remaining differences, we should explain the detail differences (i.e this is companies' filling data and the other is government's filling data).

Q : what is the positive difference & negative difference?

If the government reported more than extractive companies, it is negative difference. If the companies reported more than government in the reporting templates, it is positive difference.

Mr. Hedi said that regarding the differences, it is up to the MSG decisions and I do not know the approach of MSG here.

Gay : May be this point is the discussions are the sources of differences but not really conclusive. To make sure we are comparing the same type of data from companies and government. What reconcile is companies' payment to the government and government revenues collected from the companies. We should need to focus on reconciliation. It is good to see what improves in the system, but, it is not the conclusive of the report.

အရပ်ဘက်အဖွဲ့အစည်းအဝေး ကိုယ်စားလှယ်တစ်ဦးမှ ၇ ကြိမ်မြောက်အစည်းအဝေးတွင်ရွှေပမာဏကို tri အောင်စနင့်မပြဘဲ contract ထဲတွင်ပါသည့်အတိုင်းထည့်ပေးရန် ဆွေးနွေးထားသော်လည်း tri အောင်စနင့် သာဖော် ပြထားသည်ကိုတွေ့ရကြောင်း၊ ယင်းသည် IA ဘက်မှမှားတာလား၊ သတ္တုဌာနဘက်ကပေးတာလား သိချင်ကြောင်း၊ contract မှာပါသည့်အတိုင်း ထည့်ပေးရန်နင့် ယင်းကို IA နင့် ပြန်လည် check ပေးရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

## ၆။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဌမှ အမှာစကား ပြောကြားခြင်း (MEITI- MSG ဥက္ကဌ၊ ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဌ၊ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းမှ အမှာစကားပြောကြားရာတွင် ၁၀ ကြိမ်မြောက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးသည် ယခင်အစည်းအဝေးများထက်ထူးခြားလေးနက်ပြီးအရေးကြီးကြောင်း၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်ဝန်ကြီး (၃) ပါးမှ အစီရင်ခံစာတွေ့ရှိချက်များကို လာရောက်နားထောင်သွားကြောင်း၊ Moore Stephens မှ အစီရင်ခံစာအပေါ် ၎င်း၏ တွေ့ရှိချက်များကို တင်ပြသွားကြောင်း၊ ၁၀ ကြိမ်မြောက်အစည်းအဝေးသို့ EITI

ညှိနှိုင်းဖော်ဆောင်ရေးမှူး၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များ၊ BO consultant တို့တက်ရောက်ခဲ့ကြောင်း၊ ပထမအကြိမ်အစီရင်ခံစာတွင် ၂၀၁၃-၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ရေနံ နှင့် သဘာဝဓါတ်ငွေ့ကဏ္ဍမှ အခွန်ရငွေ ၁၀၀% ကိုလွှမ်းခြုံသော ကုမ္ပဏီပေါင်း ၁၃ခုနှင့် အစိုးရဌာန (၃)၊ ကျောက်စိမ်းနှင့် ကျောက်မျက်ကဏ္ဍမှ အခွန်ရေငွေ ၅၃% ကို လွှမ်းခြုံသော Materiality Threshold Amount မြန်မာကျပ်ငွေ (၀.၂၅) ဘီလီယံဖြစ်သည့် ကုမ္ပဏီပေါင်း (၁၄) ခုနှင့် အစိုးရဌာန (၇) ခုတို့မှ ကိန်းဂဏန်းအချက်အလက်များကို စာရင်းတိုက်ဆိုင်စစ်ဆေးခဲ့ခြင်းဖြစ်ပါတယ်။ ယခုဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာတွင် ရေနံ နှင့်သဘာဝဓါတ်ငွေ့ကဏ္ဍမှ ၂၀၁၄-၁၅ ခုနှင့် ၂၀၁၅-၁၆ခု၊ ဘဏ္ဍာရေးနှစ် (၂) နှစ်စာအတွက် အခွန်ရငွေ ၁၀၀ ရာခိုင်နှုန်းလွှမ်းခြုံသော ပိုက်လိုင်းကုမ္ပဏီများ အပါအဝင် ကုမ္ပဏီပေါင်း (၄၂) ခုပါဝင်ကြောင်း၊ ကျောက်စိမ်း နှင့် ကျောက်မျက်ကဏ္ဍမှ ၂၀၁၄-၁၅ခု၊ ဘဏ္ဍာရေးနှစ်အတွက် အခွန်ရငွေ ၆၁% ကိုလွှမ်းခြုံသော Materiality Threshold Amount မြန်မာကျပ်ငွေ ၁ ဘီလီယံဖြစ်သည့် ကုမ္ပဏီပေါင်း ၅၁ ခုပါဝင်ကြောင်း၊ ယင်းတွင် သတ္တုကဏ္ဍ ၂၀၁၄-၁၅ဘဏ္ဍာနှစ်အတွက် အခွန်ရငွေ ၆၀% ကိုလွှမ်းခြုံသော Materiality Threshold Amount မြန်မာကျပ်ငွေ ၀.၂၅ ဘီလီယံဖြစ်သည့် ကုမ္ပဏီပေါင်း (၂၉) ခုနှင့် ၂၀၁၅-၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အခွန်ရငွေ ၈၇% ကိုလွှမ်းခြုံသော Materiality Threshold Amount မြန်မာကျပ်ငွေ ၀.၂၅ ဘီလီယံဖြစ်သည့် ကုမ္ပဏီပေါင်း (၂၈) ခုတို့မှ ကိန်းဂဏန်းအချက်အလက်များကို တိုက်ဆိုင်စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ ပြည်နယ် နှင့်တိုင်းဒေသကြီးများတွင် Sub-natioinal Unit (SNU) ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍လည်း တနင်္သာရီတိုင်းဒေသကြီးသို့ သွားရောက်ဆောင်ရွက်ပြီးကြောင်း၊ ယခုအစည်းဝေးတွင် နိုင်ငံတစ်ကာ EITI အတွင်းရေးမှူးချုပ်ရုံးမှ မိမိတို့ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာမူကြမ်းအပေါ် သဘောထားမှတ်ချက်ပေးခြင်းများကိုဆောင်ရွက်မည်ဖြစ်ကြောင်း နှင့် မနက်ဖြန်တွင်လည်း နိုင်ငံတစ်ကာ EITI Secretariat မှ မြန်မာနိုင်ငံအနေဖြင့် EITI စံနှုန်းနှင့်အညီ ဆန်းစစ်အတည်ပြုခြင်းလုပ်ငန်းစဉ် (Validation Process) နှင့်စပ်လျဉ်း၍လည်း Pre-validation workshop ကိုကျင်းပမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ကာ EITI အတွင်းရေးမှူးရုံးချုပ်ရုံးနှင့် ဆွေးနွေးလိုသည်များရှိပါက ယခုအစည်းအဝေးတွင် ဆွေးနွေးစေလိုကြောင်း၊ ၂၃.၁.၂၀၁၈ ရက်နေ့က ပေးပို့ထားတဲ့ သစ်တောကဏ္ဍအတွက် နယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာ (မူကြမ်း) ကို Forestry IA မှလည်း တင်ပြမည်ဖြစ်သည့်အတွက် လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေး အတည်ပြုပေးကြရန် နှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အတွက် BO consultant မှလည်း မြန်မာနိုင်ငံသို့

လာရောက်၍ ဇန်နဝါရီလ (၂၉) ရက်နေ့မှ ဖေဖော်ဝါရီလ (၂) ရက်နေ့အထိလာရောက်၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ NGOs ၊ INGOs များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများမှ လိုအပ်သည့်အကူအညီများပေးစေချင်ကြောင်း၊ Mineral Cadastre Consultant မှ ဒုတိယအကြိမ်ခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ လာရောက်ပြီး သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သတ်မှတ်ခွင့်ပြုထားသည့် ကျောက်မျက်ကဏ္ဍအတွက် မိုးကုန်မြို့ရှိုးခွဲနှင့် ရွှေမှအပ အခြားသတ္တုကဏ္ဍအတွက် မန္တလေးမြို့ရှိုးခွဲတို့ကို သွားရောက်မှာဖြစ်ကြောင်း နှင့် နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အတွက် အစီရင်ခံစာကိုအချိန်မီတင်နိုင်ရေး နှင့် စံချိန်စံညွှန်းမှီရန်တို့အရေးကြီးသည့်အတွက် အားလုံးပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ပါသည်။

### ၇။ 2014-2015 Myanmar EITI Main Report နှင့်ပတ်သတ်၍ သဘောထားမှတ်ချက်များအား ဆွေးနွေးတင်ပြခြင်း (The EITI International Secretariat)

Ms. Gay presented about the recommendations formulated for EITI reports, this is not their comments for reports and tomorrow, they will do it in validation workshop and she said that implementing EITI process will improve the governance of natural resources in Myanmar. We also hope that draft report of 2015-2016 wil be released soon. Most of the findings of 2014-2015 are more or less the same points with 2015-2016. There are challenges for EITI MSG in discussing Materiality, discussing discreparcies and discussing scope.

She pointed out that EITI is needed to go from reports to reforms with multi-stakeholder dialogue that creates neutral space for building trust and facilitating discussion, objective setting (work plan) that links EITI to broader national policy pritorities, disclosing relevant information (scoping, reconciler ToR & EITI report) that are useful in evaluating and diagnosing pressing policy questions & challenges, analysis of information (CSO & Media analysis) that enables informed public understanding & policy debates and then, links to policymaing & institutuin building

(Parliamentary, Ministeries, Regional Governemnts) that increases accountability and development.

There are 20 recommendations for 2014-15 FY EITI report of Myanmar, some recommendations are concerning with process like license, how EITI report will be able to solve these issues – there are issues on quality of report in Myanmar. Obvisously, there are gaps in terms of gems and jade, production. Communicate with the government agencies and these are the actions to step.

In regards with how to effectively formulate recommendations,

- The recommendations should be specific. Example: If the recommendation is to improve the government's license register, it is helpful to specify what the improvements should include.
- The recommendation should not be limited to how to improve EITI reporting but should also include wider policy issues.
- The recommendation should consider the right actors, engaging all relevant stakeholders.
- There should be wider consultations outside of the MSG prior to formulating recommendations and then, she explained about the consultation process in the Philippines.

Then, she explained about how findings from EITI report translate to reforms with the examples of Philippines and PNG's EITI processes. In Philippine's EITi report, there are data gaps in subnational payments and so, the government did ministry regulation to expedite the transfers of revenue sharing process as a reform. In PNG's EITI report, there are gaps in information on trust accounts and so, the government did review of management and status of government trust accounts as a reform.

After that, she also explained about how to follow up on recommendations by giving examples of Philippines and PNG.

- Philippines and PNG asked a high-level, inter-ministerial body outside of EITI to issue a directive to the agencies to implement the MSG's recommendations
- The agencies were asked to submit an action plan for implementation of recommendations
- The EITI in the Philippines reports progress to the high-level body periodically
- Agencies that implement reforms are given recognition by the MSG
- The MSG in PNG calls the agencies to report progress during MSG meetings

Then, she said that the following points need to be considered related to recommendations:

- Are the key actors aware of the issue that the MSG wants to address? If not, what is the best way to make them aware, e.g. individual briefings? Forum with targeted stakeholders? Communication materials?
- Who are the best persons from the MSG that should talk to the key actors?
- Has this issue been discussed in other bodies/forums outside of EITI? If yes, how can you use these other bodies/forums?
- Which partners outside of the EITI can you engage? e.g. donors supporting specific reforms, media. Stakeholder mapping is key

She continued that MSG should be aware of the fact that what is the role of the MSG. MSG's role does not end with drafting the recommendations and MSG need to ensure implementation. As an example, if the recommendation is to amend a regulation, the MSG could propose language for the regulation. If the recommendation is to adopt a particular system of data reporting or data generation, the MSG can offer to convene a meeting or consultation to facilitate the discussion. After finalizing the report, MSG need to see workplan in order to ensure that actions to support recommendations are reflected in the workplan and reported in the APR.

Finally, she asked the views of MSG on IA's recommendations for the report with the following questions:

1. Do you think these recommendations address the issues in the extractive sector that you want to address as MSG?
2. Are there recommendations that you want to add?
3. Which recommendations do you want to prioritize?/ What are the quick steps to pritioze and implement before Validation process on recommendations? Agree on at least three recommendations that you think can be realistically implemented and where you can easily see progress and impact.

MSG discussed that according to International Secretariat, MSG has to monitor the progress made on recommendatins, have you (IA) done anything for recommendations for first report to compliance with it. That will tell a great story.

Gay replied that draft report contains some discussions on the progress.

MSG also discussed that before IA made recommendations, in some countries, there are sort of consultation with MSG. This is a good idea but not in Myanmar. All the recommendations in draft report are the experiences they found. But, there are some interesting points that the recommendations are not covered like differences in government transfer. Why? If you know the reasons why found discrepanices between national and sub-national transfers, it will tell the measures/actions to be taken. The same also apply to the companies. How these findings link to the overall recommendations. After the report is published, how much the public debate should be carried out? Taking from the some of the good points, that should be incorporated into the report. In other countries, did the do the same exercise or how they take debates from the public to incorporate into the system?

That is a good question and usually that kind of consultation could not carried out in other countries. But, this must be done MSG discuss certain key points in the report. Before EITI report finalize, what are key messages and how to communicate with the public is important. MSG did

consultation among stakeholders especially among CSOs. I think it should be a wider consultation before report launch. You also have APR, you can already access the progress on how the recommendations have to be followed.

Gay asked that are there any comments or suggestions and MSG discussed the following:

သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များမှ ဆွေးနွေးရာတွင် ပထမအကြိမ် EITI အစီရင်ခံစာထုတ်ပြန်ရာတွင် အခွန်ဆိုင်ရာသတင်းအချက်အလက်များတောင်းခံရာတွင် အခွန်ဌာနမှ အခွန်ဆိုင်ရာဥပဒေ ၄၉ (ခ) အရပေးပိုင်ခွင့်မရှိဟုပြောခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတ၏အမိန့်ဖြင့်သာ ရယူခွင့်ရခဲ့ကြောင်း၊ ဒုတိယအကြိမ်အစီရင်ခံစာထုတ်ပြန်ရန်အတွက်လည်း အခွန်ဆိုင်ရာဥပဒေ ၄၉ (ခ) သည် အဟန့်အတားတစ်ခုဖြစ်နေကြောင်း၊ ယင်းအတွက် reforms ဆောင်ရွက်နေစဉ်အတွင်း ယင်းအချက်ကို ပြင်ဆင်ဖို့လိုသည်ဆိုသည့်အချက်ကိုထည့်သွင်းရန်တိုက်တွန်းကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် NCS ရုံး၏ စီမံကိန်းအကြံပေးသူမှ MSGs များဆွေးနွေးထားသည့် draft report ရှိ recommendations များသည် cover ဖြစ်သလား နှင့် ပထမအကြိမ်အစီရင်ခံစာ၏ အကြံပြုချက်များအပေါ် ဆောင်ရွက်ချက်များကို ဆန်းစစ်ထားသလားကို Schedule of Reporting Time ကိုကြည့်ရှု၍ ဆောင်ရွက်နိုင်ကြောင်း၊၂၀၁၄-၁၅ အစီရင်ခံစာကိုရရှိပြီးဖြစ်သော်လည်း ၂၀၁၅-၁၆ အစီရင်ခံစာကို ဖေဖော်ဝါရီလ (၂) ရက်တွင်ရရှိမည်ဖြစ်ကြောင်း၊ ယင်း ၂ နှစ်စာအစီရင်ခံစာများအတွက် သဘောထားမှတ်ချက်များကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် IA ဆီသို့ပေးပို့ရမည်ဖြစ်ကြောင်း၊ ယင်းမှသာလျှင် prefinal reports တို့ကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ထွက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ယင်းသည် revised schedule ဖြစ်ပြီး အကြောင်းကြောင်းကြောင့် နောက်ကျရခြင်းကို IA မှဖြေရှင်းထားပြီးဖြစ်ကြောင်း၊ ယင်းအတွက်ဖေဖော်ဝါရီ ၁၉ ရက်နေ့မတိုင်မီ ယင်းအချက်များကို ဆွေးနွေးထားရန်လိုအပ်သည့်အတွက် MSG တွင်ဆွေးနွေးမလား (သို့) sub-committee များတွင် ဆွေးနွေးမလားကို ဆုံးဖြတ်ပေးကြပါရန် နှင့် ဘယ်နေ့မှာ sub-committee အစည်းအဝေးကျင်းပမလဲဆုံးဖြတ်ပေးရန် ပြောကြားခဲ့ပါသည်။

အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ ဆွေးနွေးရာတွင် ယင်းတို့ကို technically အရ sub-committee များတွင် ဆွေးနွေးပြီး MSG meeting တွင် ပြန်လည် endorse လုပ်ရန်လိုအပ်ကြောင်း၊ NCS ရုံးအနေဖြင့် ပထမအစီရင်ခံစာအတွက် ရရှိသော recommendations များအတွက် ဆောင်ရွက်ပြီးစီးမှု နှင့်

မဆောင်ရွက်ရသေးသည့် ကိစ္စများကို နိုင်းယှဉ်ဇယားများဆောင်ရွက်ထားခြင်းရှိသလား နှင့် အစီရင်ခံစာတွင် ဒေတာကွာဟချက်များတွေ့ရှိရာတွင် အပိုင်း (၂) ပိုင်းရှိကြောင်း၊ ကုမ္ပဏီများနှင့် အစိုးရအကြားကွာဟချက် နှင့် အစိုးရဌာနများမှ အစိုးရသို့ပေးအပ်သည့် အခွန်ငွေများကွာဟနေခြင်းတို့ဖြစ်ကြောင်း၊ ဘာကြောင့်ကွာဟသလဲကို သုံးသပ်နိုင်မှသာလျှင် practical recommendation ကိုရနိုင်ကြောင်း၊ ယင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ သာလျှင် analysis လုပ်ပေးနိုင်ကြောင်း၊ IA အနေဖြင့်လည်း ကွာဟချက်များကိုသာပြနိုင်ပြီး ယင်းတို့ကို အသေးစိတ်ပြောနိုင်မည်မဟုတ်ကြောင်း၊ ယင်းအတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ဘာကြောင့်ကွာဟသလဲကို analysis လုပ်ထားပြီး explanation ပေးနိုင်ရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။ ယင်းတို့ကို sub-committee meeting များတွင် အမြန်အဆန် ဆွေးနွေးထားခြင်းအားဖြင့် အစီရင်ခံစာအမြန်ထွက်ရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် Program Advisor (NCS) မှ ဖေဖော်ဝါရီလထဲတွင် Main IA မှလာရောက်မည်ဖြစ်သောကြောင့် ၎င်းမလာခင် အစီရင်ခံစာအတွက် ရရှိထားသည့် recommendations များကိုဆွေးနွေးထားရန်လိုအပ်ကြောင်း၊ ယင်းအတွက် မည်သည့် sub-committee များတွင် ဆွေးနွေးမလဲ နှင့် ဘယ်အချိန်တွင် ကျင်းပမလဲကို ဆွေးနွေးပေးလိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

Ms. Gay discussed that you can also do with publishing report and the recommendations given by IA. You don't have to do it before the report launch. We understand your concerns about recommendations, but it should not delay the reporting period and you can do data analysis before validation starts.

Program Advisor replied that we fully understand your concerns but, some of the recommendations are not covered with the information we provided, we still need to discuss them not only in MSG but also in sub-committee meeting in order to provide to IA.

သုံးပွင့်ဆိုင်ညွှန်ပေါင်းဥက္ကဌမှ EITI အစီရင်ခံစာအပေါ် အကြံပြုချက်များနှင့်စပ်လျဉ်း၍ MSG ၏ သဘောထားမှတ်ချက်များကို ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် ပြန်လည်ပေးရန်လိုအပ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း ဘာကြောင့် ယင်းကဲ့သို့ ကွာဟသလဲကို ယခုအစည်းအဝေးတွင် ဆွေးနွေးပေးရန် နှင့် အချို့အချက်များကို နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲ

ကော်မတီတွင် ဆွေးနွေးပေးရန် လိုအပ်ကြောင်း၊ ဒေတာများအားလုံး ထပ်တူညီနေမှုသည်မဖြစ်နိုင်ကြောင်း၊ ဘာကြောင့်မဖြစ်နိုင်သလဲဆိုလျှင် ရရှိသည့်အချိန်ကာလနှင့် အချိန်မီမပေးပို့နိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ ကွာဟချက်နည်းလေကောင်းလေဖြစ်ကြောင်း နှင့် ယခုလောက်ကွာဟချက်များသည် မှားယွင်းဖြည့်သွင်းပေးမှုများကြောင့် နှင့် အခြားသော အကြောင်းရင်းများကြောင့်ဖြစ်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

အစိုးရကဏ္ဍမှ ဆွေးနွေးရာတွင် ME 1 မှရှေ့သတ္တုရရှိသော royalty အခွန်ငွေကို လုံးပေါင်းအနေဖြင့်သာပေးနိုင်ကြောင်း၊ ကုမ္ပဏီများထံမှ ရရှိသော (၅) ရာခိုင်နှုန်းအခွန်ကို ကုမ္ပဏီတစ်ခုချင်းအလိုက်မခွဲခြားနိုင်သည့်အတွက် recommendations တွင်ပါလာခြင်းဖြစ်ကြောင်း၊ ယင်းတို့ကို အစိုးရဌာနများ နှင့် ကုမ္ပဏီများ ပူးပေါင်း၍ ပြန်လည်အစည်းအဝေး ထိုင်ရန်လိုအပ်သည့်အတွက် Technical & Reporting sub-committee meeting တစ်ခုတည်းဖြင့်မဖြစ်နိုင်ကြောင်း၊ သက်ဆိုင်ရာဌာနများကိုလည်း ဖိတ်ကြားရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ ဆွေးနွေးအကြံပြုချက်များကောင်းသလို အောက်ခြေတွင် ဘာကြောင့်ကွာဟသလဲကိုသိမှသာလျှင် လက်တွေ့တွင် ပြန်လည်ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း၊ စာရင်းအယူအဆများကြောင့်လည်းဖြစ်နိုင်သလို ယင်းဒေတာများသည်လွန်ခဲ့သော ၂ နှစ် ၃ နှစ်ခန့်မှ ဒေတာများဖြစ်သည့်အတွက် စာရင်းရှိပြီးဖြစ်သော်လည်း အယူအဆလွဲခြင်းဖြစ်နိုင်ကြောင်း၊ ယင်းတို့ကို အစီရင်ခံစာတွင် အချိန်မီပါနိုင်သလို မပါဝင်နိုင်ပါကလည်း ယင်းတို့ကိုလေ့လာပြီး ဆောင်ရွက်မည်ဆိုသည့် commitment ရှိရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

အရေးကြီးသည့်အချက်အနေဖြင့် အစိုးရချင်း transfers လုပ်သည့်ဒေတာများသည် ကိုက်ညီသင့်ကြောင်း၊ ဒေတကွဲလွဲမှုများအား စာရင်းအယူအဆကွဲလွဲ၍ လွဲမှားခြင်းဖြစ်နိုင်ကြောင်း၊ ယင်းတို့ကို ဘာကြောင့်ဖြစ်ရသည်ဟူသည့် reasons ရှာထားရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ရွှေနှင့်ပတ်သက်၍ ME 2 မှလက်ခံရရှိသည့်အချိန်ကာလ နှင့် ၎င်းတို့မှ တစ်နှစ်လုံးစာစု၍ တင်ခြင်းဖြစ်သည့်အတွက် ဘက်ဂျက်ကာလကွာခြင်းဖြစ်နိုင်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် ၎င်းတို့ပေးသည့် period ကိုတင်သည့်အတွက်ကွာခြားခြင်းဖြစ်နိုင်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် CSR သည် voluntary

မဟုတ်ဘဲ mandatory ဖြစ်သောကြောင့် ထည့်သည့်ကုမ္ပဏီများရှိသလို မထည့်သည့်ကုမ္ပဏီများလည်းရှိကြောင်း၊ ယင်းတို့အတွက် ကွဲလွဲချက်များပါနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်မှ IA မှ ဆောင်ရွက်နေသည့် process ကိုသိချင်ကြောင်း၊ report ထွက်ရှိသွားပြီးဖြစ်သည့်အတွက် reconciliation ပြုလုပ်ရန်မလိုအပ်တော့ကြောင်း၊ ဘာကြောင့်ကွာဟရသလဲကို သိလျှင် ယင်းကို reforms အနေဖြင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးမှ စာရင်းတိုက်ဆိုင်စစ်ဆေးမှုကာလသည်ပြီးသွားပြီဖြစ်သော်လည်း ကုမ္ပဏီများအားလုံး၏ လုံးပေါင်းကိုသာပေးနိုင်သည်ဟု ပြောင်ခြင်းသည်အဆင်မပြေကြောင်း၊ scoping report တွင် disaggregated ပေးပြီး reporting templates ထဲတွင် aggregated ပဲပေးနိုင်ခြင်းသည် အဆင်မပြေကြောင်း၊ recommendations ကို reforms အနေဖြင့်သာ သွားရန်လိုအပ်ကြောင်း၊ အစီရင်ခံစာထဲတွင် ကွာဟချက်များအတွက် positive နှင့် negative ကိုယင်းကဲ့သို့ပြုလုပ်ခြင်းသည်အဆင်မပြေကြောင်း၊ သီးသန့်ဖော်ပြရန်သာလိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

Positive တွင် အမှန်တစ်ကယ်ရရမည့်တန်ဖိုးထက် ၂% ပိုနေပြီး ကုမ္ပဏီများဘက်မှလည်းပေးရမည့်ပမာဏထက် ၃ % လျော့နေခြင်းကြောင့် IA အနေဖြင့် ယင်းကဲ့သို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မပေါင်းဘဲ ဖော်ပြလျှင် အခြေအနေကို မြင်နိုင်မည်ဖြစ်ကြောင်း၊ အရှိအတိုင်းသာဖော်ပြလျှင် ကောင်းမွန်ကြောင်း၊ ဆွေးနွေးခဲ့ကြပါသည်။

ရွှေနှင့်ပတ်သက်၍ အကြီးစား နှင့် အသေးစားဟူ၍ ခွဲခြားထားကြောင်း၊ အကြီးစား (၄) ခုအတွက် အသေးစိတ်ဖော်ပြပေးနိုင်သော်လည်း အသေးစား ၅၀၀ ကျော်အတွက် အသေးစိတ်မဖော်ပြနိုင်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

၇ ကြိမ်မြောက်သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အစည်းအဝေးတွင် ပေးရန်ကျန်ရှိနေသေးသည့် ရွှေ In-kind ကိုထည့်သွင်းဖော်ပြမည်ပြောထားသော်လည်း အစီရင်ခံစာထဲတွင် မပါသေးကြောင်းပြောကြားခဲ့ရာ အစိုးရကဏ္ဍမှယင်းကို ME 2 ထံမှ တောင်းယူ၍ IA သို့ပေးယူမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

MOGE အနေဖြင့်လည်း အစိုးရသို့ သန်းပေါင်း ၁ million ကျော်လွှဲအပ်ပြီး အစိုးရဘက်မှ သန်းပေါင်း ၉၀၀၀၀၀ ရရှိသည့်အတွက် သန်းပေါင်း ၁၀၀၀၀၀ ကွာခြားနေကြောင်း၊ ယင်းကို ဖြေရှင်းပေးရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

သဘာဝဓါတ်ငွေ့၊ အခွန်အခတို့ကို သက်ဆိုင်ရာကုမ္ပဏီများမှပေးသွင်းပြီးကြောင်း၊ ကွာဟချက်ရှိခြင်းမှာ exchange rate ကွာခြားခြင်း နှင့် ပေးသွင်းသည့်ကာလကွာခြားခြင်းအတွက်ဖြစ်ကြောင်း၊ reporting templates တွင်ဖြည့်လိုက်သည့်အချက်များကို ပြန်လည်ဖြေရှင်းပေးမည်ဖြစ်သော်လည်း ကုမ္ပဏီများနှင့် မေးမြန်းရန်လည်းလိုအပ်ကြောင်း၊ MOGE အတွက် ဒေတာများသည် ကုမ္ပဏီများမှဖြည့်သွင်းခြင်း၊ MOGE မှထည့်သွင်းခြင်း နှင့် IRD (Custom) မှဖြည့်သွင်းခြင်းတို့အတွက် ယင်းတို့ကို ပြန်လည်စစ်ဆေးရန်လိုအပ်ကြောင်း၊ ယင်းအချက်သည်အဓိကဖြစ်မည်ထင်ကြောင်း ပြောကြားခဲ့ပါသည်။

အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ ဒေတာများသည် MOGE, IRD နှင့် ကုမ္ပဏီများမှ ထည့်သွင်းမှုကြောင့် ကွာဟချက်သည် အဓိကဖြစ်မည်ထင်ကြောင်း exchange rate ကြောင့် ကွာခြားခြင်းသည် အနည်းငယ်သာရှိမည်ထင်ကြောင်း နှင့် ယင်းကြောင့် ကွာဟချက်များလျှင် serious management issue ဖြစ်ကြောင်း၊ ယင်းသို့ဖြစ်လာလျှင် ဗဟိုဘဏ်တို့ပါပါဝင်ပြီး contractual transparency ပါလိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

အစိုးရကဏ္ဍမှ ကိုယ်စားလှယ်တစ်ဦးမှ MOGE မှဒေတာများသည် စာရင်းစစ်ချုပ်ရုံးမှ verify လုပ်ပြီးဖြစ်သည့်အတွက် ဒေတာများတိကျကြောင်း၊ နားလည်မှုလွဲမှားစွာဖြည့်သွင်းသည့်အတွက် မှားယွင်းခြင်း ဖြစ်နိုင်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

သုံးပွင့်ဆိုင်ညွှန်ပေါင်းဥက္ကဌမှ အစိုးရအချင်းချင်းလွှဲပြောင်းရာတွင် ကွာဟချက်များမှာ တရုတ်ပြည်ထံမှ ရေနံအတွက် အစိုးရမှ ပိုက်ဆံချေးရကြောင်း၊ ချေးငွေ၏ စည်းမျဉ်းစည်းကမ်းအရ ကုမ္ပဏီထံမှရရှိသည့်ငွေကို ကုမ္ပဏီအကောင့်ထဲသို့ ယင်းချေးငွေကို အစိုးရမှ ပြန်မဆပ်နိုင်မချင်းဝင်ငွေကို ထည့်သွင်းပေးထားရ သည့်အတွက် အစိုးရမှ ဝင်ငွေရရှိနေသော်လည်း အခွန်တွင် မပါဝင်ကြောင်း၊ ချေးငွေအားလုံး ကိုပေးချေပြီးမှသာလျှင် deposit ကိုရရှိကြောင်း၊ ယင်းကဲ့သို့ကိစ္စမျိုးလည်းရှိကြောင်း၊ အချို့သော ကုမ္ပဏီများသည် MOGE သို့ပေးသွင်းပြီးဖြစ်သော်လည်း accounting mechanism အရ နိုင်ငံခြား အကောင့်ငွေထဲ တွင်သာရှိနေသည့်အတွက် အခွန်ဌာနသို့မရောက်ရှိသေးခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ပြည်ပမှ ချေးငွေများအတွက် အတိုးနှုန်း (၄) ရာခိုင်နှုန်းသည်များပြားသည့်အတွက် Recommendations များတွင် နောက် အစီရင်ခံစာများအတွက် loan ချေးငွေများနှင့်စပ်လျဉ်းသည့် အတိုးနှုန်းကိုဖော်ပြပေးရန် နှင့် contract များကို review ပြန်လုပ်ရန်ဆိုသည့်အချက်ကိုထည့်သွင်းပေးရန်လိုအပ်ကြောင်း ဆွေးနွေး ခဲ့ကြပါသည်။

ယင်းနောက် အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်မှ အချို့အချက်အလက်များသည် IA ကိုယ်တို င်လာရောက်၍ နားထောင်ရန်လိုအပ်ကြောင်း နှင့် MSG များ အနေဖြင့် IA သို့မေးမြန်းချ င်သည်များရှိသည့်အတွက် IA နှင့်တွေ့ဆုံဆွေးနွေးရန် ရက်သတ်မှတ်ရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ယင်းနောက် အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးမှ EITI process နှင့်မဆိုင်သော်လည်း recommendations/Overall policy reforms နှင့်သက်ဆိုင်သည့် SOEs မှ အစိုးရသို့လွှဲအပ်ပေးသည့်ငွေနှင့် Other Account နှင့်စပ်လျဉ်း၍ မြန်မာ့စီးပွားရေးဘဏ်တွင် ထားရှိခြင်းသည် ဘဏ်မှ အခြားလုပ်ငန်းများတွင် ရင်းနှီးမြှပ်နှံမှုပြုလုပ်၍ အရှုံးပေါ်လာပါက ရရှိထားသည့် သယံဇာတမှဝင်ငွေများကို ဆုံးရှုံးမည်ဖြစ်သည့် အတွက် နောက် EITI အစီရင်ခံစာ reconciliation တွင် ဘဏ်များကိုပါထည့်သွင်းရန်လိုအပ်ကြောင်း၊ ယင်းသည် out of EITI scope ဖြစ်နိုင်သော်လည်း policy reforms ဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ယင်းကိစ္စကို လွှတ်တော်မှလည်းမေးမြန်းထားကြောင်း၊ စာရင်းသဘောအရ SOE ၏ စာရင်းထားသိုမှုအရ OA account များပေါ်ပေါက်လာကြောင်း၊ ယခင်က SEE account တစ်ခုသာရှိပြီး အခွန်ငွေအားလုံး ကို ပြည်ထောင်စုဘဏ္ဍာငွေထဲသို့ထည့်ပြီး ယင်းထဲမှထုတ်ယူသုံးစွဲကြောင်း၊ Consolidated Union Fund Account ဟုထားကြောင်း၊ အစိုးရဘက်ဂျက်စနစ်အရ ၂၀၁၂ ခုနှစ်မတိုင်မီက တစ်ခုတည်းသောပြည်ထောင်စုရံပုံငွေကို ရရှိငွေ ထည့်ခြင်း နှင့် ထုတ်သုံးမှုတို့ကို ပြုလုပ်ကြောင်း၊ အစိုးရအသစ်လက်ထက်တွင် ဈေးကွက်စီးပွားရေးစ နစ်ကိုကျင့်သုံးခြင်းဖြစ်သည့်အတွက် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများကို အစိုးရပိုင်မှ ပုဂ္ဂလိက ပိုင် (သို့) အများပိုင် အဖြစ်ခွဲထွက်ရာတွင် ၎င်းတို့ဘာသာ ရပ်တည်နိုင်ရန်အတွက် ၎င်းတို့ရသည့် ဝင်ငွေထဲမှ Other Account ထဲသို့ထည့်ပေးထားကြောင်း၊ အမြတ်ထဲမှ နိုင်ငံတော်သို့ထည့်ဝင်ငွေ၂၀ ရာခိုင်နှုန်း၊ ဝင်ငွေခွန်၂၅ ရာခိုင်နှုန်း၊ စုစုပေါင်း ၄၅ ရာခိုင်နှုန်းထည့်ဝင်ပြီး ၅၅ ရာခိုင်နှုန်းကို နောင်နှစ်ဆောင်ရွက်မှုအတွက် တည်ထောင်ရန်ထားကြောင်း၊ ယင်းသည် တဖြည်းဖြည်းစုမိလာကြောင်း၊ အစိုးရအခွန်အကောက်မှမလောက်သ

ည့်အတွက် ၎င်းတို့၏ ဘက်ဂျက်ထဲမှ သာမန်အသုံးစရိတ်များ နှင့် ငွေလုံးအသုံးစရိတ်များကို အသုံးပြုကြောင်း၊ ရံပုံငွေ စာရင်းအရ MEB မှာထားခြင်းဟုတ်သော်လည်း စာရင်းအရ OA ပမာဏသည် သီးခြားရှိနေခြင်းမဟုတ်ကြောင်း၊ ယင်းကို ဘက်ဂျက်ထဲသို့ ထည့်သွင်းအသုံးပြုကြောင်း၊ အမှန်တစ်ကယ်တွင် ယင်းသည် ကျန်းမာရေး၊ ပညာရေး နှင့် sub-national transfers များဆောင်ရွက်ထားကြောင်း၊ အစိုးရမှ OA ထဲတွင်ဘယ်လောက်ရှိသည်ဟုသတ်မှတ်ထားသော်လည်း အစိုးရပိုင်အနေဖြင့် ရှိနေခြင်းမဟုတ်ကြောင်း၊ Government accounting system နှင့် budget system နှင့် စာရင်းသဘောကိုပေါင်းရှင်းရန် လိုအပ်ကြောင်း၊ အစိုးရအနေဖြင့် နှစ်တိုင်း deficit ဖြစ်ခဲ့ကြောင်း၊ ယင်းလိုအပ်ချက်ကို ပြည်ပမှ ရယူသလို ပြည်တွင်းမှလည်း ရယူကြောင်း၊ ၎င်းအပြင် မလောက်ပါက ဗဟိုဘဏ်မှလည်းရယူကြောင်း၊ ယခုနှစ်များတွင်ဗဟိုဘဏ်ထံမှ ရယူခြင်းကိုလျှော့၍ ပြည်သူလူထုထံမှ ပိုမိုရယူရကြောင်း၊ OA ထံမှယူနိုင်သော်လည်း deficit ကိုအစိုးရမှ ပြန်လည်ဖြည့်ရမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးမှ EITI အစီရင်ခံစာတွင် License Awarding Process (အထူးသဖြင့် ရေနံ နှင့် သတ္တုကဏ္ဍအတွက်) အသေးစိတ်ကို အစီရင်ခံစာထဲတွင် ထည့်သွင်းဖော်ပြရန်လိုအပ်ကြောင်း (သက်တမ်းကုန်ဆုံးမည့်ရက်၊ လိုင်စင်ချထား ပေးသည့်ရက်) ဆွေးနွေးခဲ့ကြပါသည်။

### ၈။ BO နှင့်ပတ်သတ်၍ နိဒါန်းမိတ်ဆက်အား ရှင်းလင်းတင်ပြခြင်း (Adam Smith International ၏ BO Consultant)

Then, Adam Smith International (ASI) introduced themselves and presented about MEITI Beneficial Ownership Project. They presented on 5 sectors: consortium, project objectives, BO at a glance, implementing the BO Roadmap and strategic decisions and questions.

After that, they presented that concerning with consortium, Adam Smith International is a leading economic and government reform consultantcy, having extractives experience across 40 countries including Myanmar and EITI validation and implementation experience. Open oil is also revolutionised the use of open data to improve natural resource management and unparallel experience mapping beneficial ownership.

With regards to project objectives, they aim to support the Myanmar MSG and stakeholders in implementing the country's Beneficial Ownership Roadmap in accordance with the 2016 EITI Standard:

- Preparation of a Beneficial Ownership (BO) Work Plan, including a schedule, detailed budget, responsible parties, and technical resources required.
- Support the establishment of a Beneficial Ownership Task Force, which would be responsible for the full execution of the BO Work Plan.
- Develop a capacity building and communications plan to support the BO Work Plan.
- Design and conduct a pilot project to gather BO data on extractive industries in Myanmar.
- Support the BO Task Force and responsible staff within the National Coordination Secretariat (NCS) to implement the BO Work plan.
- Duration: 4 months.

Furthermore, ASI continued BO at a glance like that "A **beneficial owner** in respect of a company means the natural person(s) who directly or indirectly ultimately owns or controls the corporate entity.", EITI Standard, 2.5 f

**Politically exposed persons**: "individuals who are or have been entrusted domestically with prominent public functions, for example Heads of State or of government, senior politicians, senior government, judicial or military officials, senior executives of state owned corporations, important political party officials.", FATF Guidance 2013

Then, they also explained about the definitions of BO and Politically exposed person (PEP) in Kyrgyzstan and Armenia.

And then, ASI said that when implementing the BO ownership, they need to capture information, validation, updates, data management, public disclosure, enforcement and who will be the key actors are sector ministeries, DICA, Anti-corruption Commission, fianancial authorities, sub-

national administrations, another agency and it may need a coordination body and BO will be implemented by legislative change(s), decree or other mechanisms and it will not be more than 2 years taken.

Finally, they said the following strategic decisions and questions are importantly needed to consider:

**Key initial decisions**

- Will it be a sector-specific or a general (multi-sector) approach?
- Which agency will lead? Establish a Task Force ASAP.
- Is there a data savvy counterpart for the creation and maintenance of the register?
- Which extractives sub-sector to being with?
- What would be the national definition of BO and PEP?

**Key questions**

- Will stakeholders cooperate and allocate resources to BO? How can stakeholder buy-in be enhanced? What are their main capacity needs?
- Are there significant institutional and legal constraints?
- What are the sanctions for non-compliance?
- How to address verification?

**၉။ သစ်တောကဏ္ဍဒုတိယအကြိမ် နယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာ မူကြမ်း (Second Scoping Study Report draft) နှင့် ပတ်သတ်၍ ရှင်းလင်းတင်ပြခြင်း (IA Moore Stephen)**

ယင်းနောက် Mr. Hedi (Forestry IA) မှ သစ်တောကဏ္ဍ နယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာမူကြမ်း (ဒုတိယအကြိမ်) အားရှင်းလင်းတင်ပြခဲ့ပါသည်။

ပထမဦးစွာ Mr. Hedi မှ သစ်တောကဏ္ဍ scoping study report နှင့်စပ်လျဉ်း၍ အပိုင်း (၇) ပိုင်းပြောကြားမည်ဖြစ်ကြောင်း၊

- Reconciliation Process

- Review of the Draft Scoping Report
- Schedule of Upcoming Phases
- Outstanding Information
- Recommendations
- Proposed Reconciliation Scope
- Reporting Templates & Instructions for Completion တို့ဖြစ်ကြောင်း၊ Reconciliation process တွင် အဆင့် ၆ ဆင့်ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာထွက်ရှိပြီး ဖြစ်သည့်အတွက် အဆင့် (၂) နှင့် (၃) အကြားတွင်ရှိကြောင်း၊ အဆင့် (၆) ပြီးလျှင် အစီရင်ခံစာထွက်ရှိမည်ဖြစ်ကြောင်းရှင်းလင်းခဲ့ပါသည်။

ယင်းနောက် စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းအဆင့်တွင်ပါဝင်သည့် လုပ်ငန်းများကို ရှင်းလင်းခဲ့ပါသည်။ နယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာမူကြမ်းအား သုံးသပ်ခြင်းတွင် ပထမအစီရင်ခံစာမူကြမ်းကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ထွက်ခဲ့ကြောင်း၊ ယင်းကို ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင်ကျင်းပသည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးခဲ့ကြပြီး ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် NCS ရုံးမှ ယင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်၊ သဘောထားမှတ်ချက်များကို ပေးပို့ခဲ့ကြောင်း၊ IA အဖွဲ့မှ ယင်းအချက်တို့ကို ပြန်လည်ပြင်ဆင်ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဒုတိယအစီရင်ခံစာမူကြမ်းအား ပြန်လည်ပေးပို့ခဲ့ပြီး လိုအပ်သည့်အချို့ဒေတာများအတွက် သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာန နှင့် ကုန်သွယ်ရေးဌာန နှင့် သုတေသနဌာနခွဲ တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် ဒုတိယအစီရင်ခံစာမူကြမ်းကို တင်ပြခဲ့ကြောင်း၊ Pre-final report ထွက်ရှိရမည့်နေ့မှာ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင်ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

ထို့နောက် အပိုင်း ၃ ဖြစ်သည့် နောင်လာမည့်အဆင့်များအတွက် အချိန်ဇယားကိုရှင်းလင်းတင်ပြရာတွင် သစ်တောကဏ္ဍ EITI နောက်ဆုံးအစီရင်ခံစာ ကို ၂၀၁၈ ခုနှစ် မေလ ၁၁ ရက်နေ့ထွက်ရှိရန် နှင့် အစီရင်ခံစာအကျဉ်းချုပ်ကို မေလ ၁၈ ရက်နေ့တွင် ထွက်ရှိရန် စီစဉ်ထားကြောင်း ပြောကြားခဲ့ပါသည်။

အပိုင်း ၄ မရရှိသေးသည့်သတင်းအချက်အလက်များကို ရှင်းလင်းတင်ပြရာတွင် သစ်တောဦးစီးဌာနထံမှ ဘဏ္ဍာရေးနှစ် ၂၀၁၄-၁၅ ခုနှစ် နှင့် ၂၀၁၅-၁၆ ခုနှစ်တို့အတွက် လုပ်သားစာရင်းကျန်ရှိနေပြီး မြန်မာ့သစ်လုပ်ငန်းထံမှလည်း ယင်းနှစ်နှစ်စာ sub-contractors များ၏ လုပ်သားစာရင်းများရရှိရန် ကျန်ရှိနေသေးသည့်အပြင် ယင်းနှစ်နှစ်စာလုံးအတွက် export data (သစ်တင်ပို့စာရင်း) များလိုအပ်နေသေးကြောင်း ပြောကြားခဲ့ပါသည်။

အပိုင်း ၅ ဖြစ်သည့် အကြံပြုချက်များတွင် အကြံပြုချက် (၅) ချက်ရှိကြောင်း၊ သစ်တောဥပဒေစိုးမိုးမှု၊ အကျိုးသက်ရောက်မှု နှင့် စီမံအုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ သစ်တောဥပဒေရေးဆွဲရာတွင် NGOs များ၊ INGOs များ နှင့် ပုဂ္ဂလိကကဏ္ဍတို့ပါဝင်ရန်၊ သစ်တောဦးစီးဌာန၏ institutional capacity ကိုမြှင့်တင်ရန် နှင့် အစိုးရအနေဖြင့် သစ်တောဦးစီးဌာနသို့ အရင်းအမြစ်များပိုမိုချပေးရန်၊ စီမံအုပ်ချုပ်ရေးအတွက် အစိုးရအနေဖြင့် လက်ရှိပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ပိုမိုအားကောင်းအောင်ဆောင်ရွက်ရင်း သစ်တောကဏ္ဍ၏ အဓိကရင်ဆိုင်နေရသည့်ပြဿနာများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများအသုံးပြုရန်၊ အစီရင်ခံထဲတွင်ပါဝင်သည့် ကိန်းဂဏန်းအချက်အလက်များ reliable ဖြစ်စေရန်အတွက် စာရင်းစစ်ချုပ်ရုံးမှစစ်ထားသည့် သစ်တောကဏ္ဍဆိုင်ရာအစီရင်ခံစာများအား အများပြည်သူသိရှိနိုင်ရန် နှင့် သစ်တောအရေးပါပုံကို သိရှိအောင် ဆောင်ရွက်ပေးရန်၊ ဘက်ဂျက်ပွင့်လင်းမြင်သာမှုရှိစေရန် နှင့် လွှမ်းခြုံမှုရှိစေရန်အတွက် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် Other Accounts (OA) ထဲရှိ ဒေတာများကို အများပြည်သူသိရှိအောင်ဆောင်ရွက်ပေးရန်၊ EITI reporting regulations နှင့်စပ်လျဉ်း၍ EITI law ထွက်ရှိရန် နှင့် ကုမ္ပဏီများအတွက် ဌာနဆိုင်ရာများတွင် TIN နံပါတ်မရှိခြင်းနှင့်စပ်လျဉ်း၍ လည်း ကုမ္ပဏီတစ်ခုချင်းစီအတွက် TIN နံပါတ်သီးသန့်ထားရှိရန် နှင့် ယင်းအတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်တို့ အကြံပြုထားပါသည်။

ယင်းနောက် စာရင်းတိုက်ဆိုင်စစ်ဆေးမှုနယ်ပယ် (Reconciliation scope) အကြောင်းကိုရှင်းလင်းရာတွင် ကိန်းဂဏန်းပိုင်းဖြတ်ရာတွင် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ၏ ဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်းမှ ငွေပေးချေမှုအားလုံးကိုထည့်သွင်းခြင်း၊ သစ်တောဖက်စပ် ကော်ပိုရေးရှင်းမှ အစုရှယ်ယာအဖြစ် သစ်တောဦးစီးဌာန နှင့် မြန်မာ့သစ်လုပ်ငန်းတို့သို့ ပေးရသည့် အချိုးတူအခွန်များထည့်သွင်းခြင်း၊ MTE ၏ sub-contractors ကုမ္ပဏီများအနေဖြင့် မြန်မာကျပ်သန်း ၁၀၀ ပေးဆောင်ထားသော ကုမ္ပဏီများ

(အခွန်အခတစ်မျိုးချင်းစီအတွက် ကျပ်သန်းပေါင်း ၂၀ ပေးဆောင်ခြင်း) ကိုရွေးချယ်ထားခြင်း နှင့် ယင်းပမာဏထက်လျော့၍ ပေးဆောင်ရသော ကုမ္ပဏီများအတွက် အစိုးရဘက်မှ ဖြည့်သွင်းပေးမည့် Unilateral Disclosure တွင်ထည့်သွင်းထားခြင်း နှင့် လွှမ်းခြုံမှုပမာဏမှာ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်အတွက် ၉၉.၁၆% နှင့် ၂၀၁၅-၁၆ ခုနှစ်အတွက် ၉၈.၈၉% လွှမ်းခြုံကြောင်း ရှင်းလင်းခဲ့ပါသည်။ ယင်းနောက်၎င်းမှ နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ အဖွဲ့ဝင်များမှ sub-contractors ကုမ္ပဏီများ၏ ထုတ်လုပ်ခွင့်ရရှိသည့်ပမာဏကိုပါကြည့်၍ reconciliation scope တွင်ထည့်သွင်းမည်ဟု ဆုံးဖြတ်ထားကြောင်း နှင့် ယင်းအတွက် မြန်မာ့သစ်လုပ်ငန်း နှင့် ၎င်း၏ sub-contractors များထံမှ ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ခုနှစ်တို့အတွက် သစ်ထုတ်လုပ်ခွင့်ရရှိသည့်ပမာဏများကိုလည်းတောင်းခံရမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။ ယင်းနောက်၎င်းမှ နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင် ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် ကုမ္ပဏီများထံမှ ရရှိသော ဝင်ငွေခွန် ၅% ကို sub-national transfers အဖြစ်တိုင်းနှင့်ပြည်နယ်ရုံပုံငွေများသို့ လွှဲပြောင်းပေးသည့်အတွက် ယင်းကိုပါ reconciliation scope တွင်ထည့်သွင်းရန် နှင့် သစ်တောဦးစီးဌာနမှ သစ်တောဖက်စပ်ကော်ပိုရေးရှင်းထံမှ ရရှိသည့် အချိုးကျအခွန်ငွေ (Dividends) ကို ပြည်ထောင်စုရုံပုံငွေထဲသို့ထည့်သွင်းသည့် အခွန်ပမာဏကိုပါ scope တွင်ထည့်သွင်းရန် ဆုံးဖတ်ထားကြောင်း၊ Materiality deviation အနေဖြင့် အများဆုံး ၀.၁% သတ်မှတ်ထားကြောင်း၊ ပမာဏအနေဖြင့် စာရင်းတိုက်ဆိုင်စစ်ဆေးမှုကွာဟချက်မှာ ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွက် မြန်မာကျပ်သန်းပေါင်း ၂၄၇.၄၆ သန်း နှင့် ၃၂၅.၁၉ သန်းထက်မကျော်လွန်ရကြောင်း တင်ပြခဲ့ပါသည်။

ဆက်လက်၍၎င်းမှ အစိုးရဌာနများ နှင့် သစ်တောကုမ္ပဏီများအနေဖြင့် ဖြည့်သွင်းရမည့် reporting templates များအကြောင်း နှင့် ဖြည့်သွင်းရာတွင် လိုက်နာရမည့်အချက်များဖြစ်သည့် ကုမ္ပဏီများအနေဖြင့် ဒေတာ ထည့်သွင်းထားသည့် reporting templates များကို ကုမ္ပဏီ၏ အကြီးအကဲတစ်ဦးဦးမှ လက်မှတ်ရေးထိုးပေးရန် နှင့် အစိုးရဌာနများအနေဖြင့်လည်း သက်ဆိုင်ရာဌာနအကြီးအကဲမှ လက်မှတ်ရေးထိုးပေးခြင်း နှင့် OAG မှ certify လုပ်ပေးခြင်းစသည်တို့လိုအပ်ကြောင်း ရှင်းလင်းခဲ့ပါသည်။ ယင်းနောက် ၎င်းတို့နှင့်ဆက်သွယ်နိုင်သည့် contacts များကိုပေး၍ မေးမြန်းချင်သည်များရှိပါက မေးမြန်းနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များမှ နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် ဆုံးဖြတ်ထားသည့် သစ်တောကဏ္ဍဆိုင်ရာ ဆုံးဖြတ်ချက်များဖြစ်သည့် reconciliation scope တွင်ပါဝင်မည့် အချက်များအား ထည့်သွင်းရန် သဘောတူညီခဲ့ပါသည်။

## ၁၀။ ၉ ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့အစည်းအဝေး ၏ အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခြင်း (စီမံကိန်းအကြံပေးအရာရှိ၊ အမျိုးသားအဆင့်ညှိနှိုင်း ဖော်ဆောင်ရေးမှူးရုံး)

အမျိုးသားအဆင့်ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံးမှ စီမံကိန်းအကြံပေးအရာရှိမှ ၉ ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့အစည်းအဝေး ၏ အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြရာတွင် SEAGP ထံမှ Reporting Template အား (၉) ရက်၊ ဇန်နဝါရီတွင် ရရှိပြီး ဖြစ်ကြောင်းနှင့် ဆွေးနွေးထားသော နောက်ကျ သောအချက်များ၊ ရရှိရန်ကျန်ရှိသော အချက်အလက်များ အားလည်းရရှိပြီးဖြစ်ပါသည်။ နောက်ထပ်အနေနှင့် ပြီးခဲ့သော သုံးပွင့်ဆိုင် ညွှန့်ပေါင်းအစည်းအဝေးတွင် ဆွေးနွေးထားသော Open Data မှာ 2016 EITI Standard ရဲ့လိုအပ်ချက်အနေနှင့် လည်းပါဝင်ပြီး ဖန်တီးရာနှင့်လည်း ဆက်လက်လုပ်ဆောင်ရမည့် အချက်များအား ဆွေးနွေးထားပြီးဖြစ်ပါသည်။ တိုးတက်မှုလည်းရှိပါသည်။ နောက်ထပ်အနေနှင့် Forestry နှင့် ပတ်သတ်၍ ဆွေးနွေးထားသော အချက်များအားလည်း Forestry Scoping Study Report ထဲတွင် ပါဝင်ခဲ့ပြီး ဖြစ်ပါသဖြင့် ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါသည်။ နောက်ထပ်အနေဖြင့် Mining Cadastre နှင့် ပတ်သတ်၍ NCS ရုံးတွင် Sub-Committee Meeting အားပြုလုပ်ကာ ဆွေးနွေးထားပြီးဖြစ်ပါသည်။ ဆွေးနွေးထားသော အချက်များအား Mining Cadastre အားရှင်းလင်း တင်ပြမည်အချိန်တွင် ပြန်လည်အသေးစိတ်တင်ပြသွားမည် ဖြစ်ပါကြောင်း၊ Implemendation Manual တွင် ပြင်ဆင်ချက်များအား ပြီးခဲ့သော သုံးပွင့်ဆိုင် ညွှန့်ပေါင်းအစည်းအဝေးတွင် တင်ပြပြီး အတည်ပြုချက် ရရှိပြီးဖြစ်ပါသည်။ နောက်အနေဖြင့် ပထမအစီရင်ခံစာမှာ ရရှိသော Recommendation အချက် (၁၄) ချက်အား သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ရရှိထားသော အချက်များနှင့် Reform Process နှင့် ပတ်သတ်၍ရ ထားသော အချက်များအားလည်း IA သို့ပို့ထားပေးပြီး ဖြစ်ကြောင်းနှင့် အချို့အချက်များမှာ Cover ဖြစ်ပြီး အချို့အချက်များမှာ Cover မဖြစ်သေးသည်များလည်းရှိနေသေးကြောင်း တင်ပြခဲ့ပါသည်။ နောက်ထပ် အနေဖြင့် BO Taskforce နှင့်ပတ်သတ်ပြီး မနက်ပိုင်းတွင် ASI မှ BO Taskforce

အား ဖွဲ့စည်းရန် အခြေအနေများအား တင်ပြသွားပြီးဖြစ်ပါကြောင်း၊ NCS ရုံးမှလည်းထပ်မံ ထည့်သွင်းဆွေးနွေးသွားမည် ဖြစ်ပါ ကြောင်း၊ ASI မှလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်များနှင့် လည်းသွားရောက်တွေ့ဆုံရန် Meeting Confirmation ရရှိထားပါပြီး ဖြစ်ပါသည်။ နောက်ထပ်အနေဖြင့် MSG Meeting အားလည်း ယခုကျင်းပနေပြီးဖြစ်ကြောင်း၊ Communication & Outreach နှင့် Workplan and Governance Sub-Committee Meeting ရက်များအားလည်း ယနေ့ အစည်းအဝေးတွင် တိုင်ပင်ဆွေးနွေးကာ သတ်မှတ်ရန်ဖြစ်ပါသည်။ နောက်ထပ်အနေဖြင့် Statement of use of source form အားလည်း ပြီးခဲ့သော ၉ ကြိမ်မြောက် MSG Meeting တွင်လည်း MOBD မှ တင်ပြပြီးဖြစ်ပါကြောင်းနှင့် ဆောင်ရွက်ပြီးစီးသည်များနှင့် ဆောင်ရွက်ရန် ကျန်ရှိနေသော တာဝန်များအား ရှင်းလင်းတင်ပြသွားပါသည်။

ယင်းနောက်တွင် စီမံကိန်းအကြံပေးအရာရှိမှ ဆက်လက်၍ Grant agreement နှင့်ပတ်သတ်ကာ MSG ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများရှိချိန်တွင် ဆွေးနွေးတင်ပြလို ပါကြောင်း၊ EITI လုပ်ငန်းစဉ်တလျှောက်အတွက် Grant agreement ရထားကြောင်း၊ နောက်ဆုံးပြင်ဆင်ချက်အားလည်း ဖွန်လာ၊ လက်ကုန်ပိုင်းတွင် လက်မှတ်ထိုးပြီးကြောင်း၊ အဲဒီအချက်များထဲတွင် Mining Cadastre နှင့်ပတ်သတ်၍ ထပ်တိုးထားသော One Billions နှင့်ဆိုလျှင် 3.5 Billions ဖြစ်ပြီး 3 Year Workplan အားလည်းရထားပြီးဖြစ်ပါကြောင်း၊ 3 Years Workplan နှင့်ပတ်သတ်၍ ဆွေးနွေးလိုသည့် အချက်မှာ Grant Agreement ရထားပြီးဖြစ်ပေမယ့် အသုံးပြုလို့ရသော အချိန်မှာ ဘဏ်အကောင့်ထဲအား ငွေဝင်လာပြီးနောက် စတင်အသုံးပြုသည်အချိန်မှာ July 2017 ဖြစ်ပြီး လက်ကျန် အသုံးပြုရန်အချိန်မှာ ၆လသာရရှိသည့်အတွက် ကျန်သောငွေများအား အသုံးစရိတ်များအား 2018 နှင့် 2019 ကျန်ရှိသော ၂နှစ်တွင် 3 Years Workplan အားအကောင်အထည်ဖော်ရန်၊ Implementation Rate အားမကျရန်၊ Fund Ulitalization Rate ကိုကောင်းဖို့ရန်အတွက်အား Grant Agreement အား ၂၀၁၉ အစား ၂၀၂၀ ထပ်တိုးရန် တောင်းဆိုလိုပါကြောင်း၊ ဘာကြောင့်လဲဆိုတော့ EITI လုပ်ငန်းအား ဖော်ဆောင်ရာအချိန် တွင် အစိုးရအပြောင်းအလဲကြောင့် ကြားကာလအနေဖြင့် ၉လကျော်လောက်ကြာခဲ့သော အချိန်များအား ပြန်လည် Cover ဖြစ်နိုင်ရန် ဆိုသည့်အချက်လည်းပါဝင်ပါကြောင်း၊ နောက်ထပ်အနေဖြင့် Workplan ထဲတွင် အချို့အသုံးမပြုရသေးသောBudget များအနေဖြင့် SNU and Capacity Building Training

များအတွက်လည်းရှိနေသေးကြောင်း၊ 2018 နှင့် 2019 တွင်တော်တော်များများအသုံးပြုရန်လိုအပ်ကြောင်း၊ 2018 နှင့် 2019 မှာတော့ Consultant များငှားရမ်းခြင်းများအား ပုံမှန်အတိုင်းပြုလုပ်နေပြီး Implement လုပ်ရန်ကျန်ရှိနေသောအချက်များရှိနေသေးကြောင်း ပြောကြားခဲ့ပြီးသုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ဆွေး နွေး ပေးပါရန် တောင်းဆိုခဲ့ပါသည်။

သုံးပွင့်ဆိုင်ညွှန့်ပေါင်း ကိုယ်စားလှယ်တဦးမှ Budget အားပြန်လည် Estimate လုပ်ရန်လိုအပ်ကြောင်း၊ ပုံမှန်လအလိုက် ကုန်ကျစရိတ်များ၊ Activity ကုန်ကျစရိတ်များ ဘယ်လောက်ရှိနေလဲ ပြန်လည်တွက်ချက်သင့်ကြောင်း၊ 2018 နှင့် 2019 မှာ ပုံအောလုပ်ရင်း Budget ကုန်သွားနိုင်ကြောင်း၊ Total Budget ဘယ်လောက်ရှိလဲ ပြန်လည်ကြည့်သင့်ကြောင်း ၊ စာချုပ်တွေတိုင်းကတော့ပြင်ဆင်နိုင်ရန် ရနိုင်ကြောင်း၊ NCS မှ တကယ်လုပ်ရမည့်အချက်များနှင့် ဖြစ်နိုင်ချေရှိသော Budget အား မှန်းပြီးဆွဲကာ တင်ပြမှသာလျှင် ၂၀၂၀ အထိ ထပ်တိုးရန်ဆိုသည့်အချက်အား ဖြစ်နိုင်ချေရှိမရှိ ဆုံးဖြတ်နိုင်ဖြစ်ကြောင်း၊ ဆွဲသည့်အခါတွင် လည်း အမှန်တကယ်ကုန်ကျစရိတ်များအပါအဝင် Consultant များအားပေးရန် ကျန်ရှိသော ငွေများအား လည်း ထည့်တွက်သင့်ကြောင်း၊ Election နှင့်ချိန်ဆသည်ဆိုလျှင်လည်း နောက်လာမည့် Election မှာ ၂၀၂၀ နိုဝင်ဘာ၊ ဒီဇင်ဘာလောက်မှ ဖြစ်မှာဖြစ်ပြီး နောက်လာမည့် အစိုးရမှာလည်း ၂၀၂၁ မေ လလောက်မှသာ ဖြစ်နိုင်မှာဖြစ်ကြောင်း၊ အဲဒီနှစ်အထိချဲ့ရန်လည်း Budget မှာမလုံလောက်နိုင်ကြောင်း၊ ယခုပေးထားသော 3.7 ဆိုသည်မှာလည်း အမှန်တကယ်သုံးမည်ဆိုပါက EITI အတွက် Management System တခုအားဘယ်လိုထားသင့်သလဲဆိုတာ ဆုံးဖြတ်ပြီး သက်ဆိုင်ရာဌာနများတွင် လိုအပ်သော Physical Requirement များ၊ Capacity Requirement များအတွက် အသုံးပြုလျှင် 3.5 ဆိုသည်မှာ မလုံလောက်ကြောင်း Management System အတွက်လည်း Recommendation အများကြီးရှိကြောင်း ဆွေးနွေးခဲ့ပါသည်။

စီမံကိန်း အကြံပေးအရာရှိမှ ယခုအနေဖြင့် အားလုံးပေါင်းသုံးနိုင်သည့် ပမာဏမှာ 2017 တနှစ်လုံးအတွက် 1.07 Millions လို့လျာထားခဲ့ပြီး သုံးနိုင်ခဲ့သော ပမာဏမှာ US Dolla သုံးသိန်းခွဲပဲ သုံးစွဲနိုင်ခဲ့ပါကြောင်း၊ ဒီအပေါ်မှာ Consultant များအားငွေပေးချေရန်တော့ ကျန်ရှိနေသေးကြောင်း၊ တဖက်မှာလည်း Implememtation Rate ကတော့ ကောင်းမွန်ကြောင်း Finicial Consultant မှပြန်ကြားရခဲ့ကြောင်း၊ Fund Ulitalization Rate ကတော့ တော်တော်လေး နိမ့်နေသေးကြောင်း၊ Workplan ပြန်လည် ပြင်ဆင်သည့် အချက်တွင် 3.5 billions လျာထားခြင်းအားလည်း 29 ရက်၊ ဒီဇင်ဘာတွင် ပြုလုပ်သော Workplan & Governance Sub-Committee

Meeting တွင်လည်းဆွေးနွေးခဲ့ကြပြီးဖြစ်ပါကြောင်းနှင့် ဆုံးဖြတ်အတည်ပြုရန်သာလိုတော့ကြောင်း ပြောကြားခဲ့ပါသည်။ ယခုတင်ပြသောအချက်များမှာလည်း အသေးစိတ်ဆွေးနွေးရန်တောင်းဆိုခြင်း မဟုတ်ပဲ သုံးနှစ်စာ အတွက်လည်း အသုံးစရိတ်များအားလည်း Finicial Consultant နှင့်တိုင်ပင်ကာ လျာထားပြီးဖြစ်ကြောင်းနှင့် MSG မှအသေးစိတ်အချက်အလက်များအား ဆက်လက်ဆွေးနွေးရန် အတည်ပြုပါ Workplan & Governance Meeting တွင် ပြန်လည်ဆွေးနွေးသွား မည် ဖြစ်ကြောင်းနှင့် MOBD ရဲ Budget Year သွားသည့်အတိုင်းလည်း Budget ကိုပြောင်းထားခြင်းဖြစ်ကြောင်း ထပ်မံရှင်းလင်းတင်ပြသွားခဲ့ပါသည်။

နောက်ထပ် အရပ်ဖက်ကိုယ်စားလှယ်တဦးမှလည်း ယခုပြုလုပ်ထားသော Workplan မှာလည်း Workplan & Governance Meeting တွင် အသေးစိတ် တနေကုန်ဆွေးနွေးထားသော အချက်များဖြစ်ကြောင်း၊ NCS မှ ဆွဲထားခြင်း မဟုတ်ကြောင်း ပြောကြားခဲ့ပါသည်။

နောက်ထပ်အနေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးမှလည်း Grant Agreement တခုချုပ်ဆိုထားခြင်းမှာ လုပ်ငန်းအခြေအနေအရ ထပ်တိုးရန်လိုအပ်ပါက လုပ်လိုရစေရန် နှစ်ဖက်ညှိနှိုင်းပြီး ပြန်လည်ဆွေးနွေးထားခြင်း ဖြစ်ကြောင်း၊ အမှန်တကယ် ထပ်တိုးရန်လိုအပ်လာသောအချိန် တွင် ခိုင်လုံသောအကြောင်းပြချက်နှင့်အတူ ကမ္ဘာဘဏ်နှင့် MOBD ဆွေးနွေးရန်ဖြစ်ကြောင်း၊ ၂၀၁၈-၂၀၁၉ ၏ ဘဏ္ဍာရေးနှစ်မှာလည်းအရင်လို ၂၀၁၉ မတ်လတွင် ဆုံးမည်မဟုတ်ပဲ ၂၀၁၉ စက်တင်ဘာလတွင်သာ ဆုံးမည် ဖြစ်ကြောင်းနှင့် ၂၀၂၀ စက်တင်ဘာအထိရောက်သွားမည် ဖြစ်ကြောင်း၊ Workplan နှင့်ပတ်သတ်ပြီး လုပ်ဆောင်ရမည့် အချက်များ အချိန်မှီ ပြီး၊ မပြီး ဆိုခြင်းအချက်အား သုံးပွင့်ဆိုင်ညှနှိုင်းပေါင်းအဖွဲ့မှ ပြန်လည်ကြည့်ရှုရန်လိုအပ်ကြောင်း၊ အချိန်မှီမပြီးနိုင်ပါက ထပ်တိုးခြင်းအားတောင်းခံခြင်းမှာ မခက်ခဲကြောင်း ရှင်းလင်းပြော ဆိုခဲ့ပါသည်။

အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ ယခုအစည်းအဝေးတွင် ဝေထားသော စာရွက်မှာ Workplan လား၊ Budget လား မသဲကွဲကြောင်း၊ တကယ်တမ်း Operation လုပ်လျှင် Object တခုခြင်းစီအတွက် ဥပမာအနေဖြင့် Detail Implemation Plan လိုမျိုးဆွဲပြီးလုပ်သင့်ကြောင်း Output အတွက် Task Level အထိခွဲပြီးလုပ်ရကြောင်း၊ Task Plan လိုမျိုးဆွဲပြီးလုပ်လျှင်လဲ ၆လ (သို့) တနှစ်စာ ဆွဲပြီးလုပ်သော အစီစဥ်ရှိမှသာလျှင် သွားချင်သော Delivery အား ရောက်ရှိမည်ဖြစ်ကြောင်းနှင့် လက်ရှိမှာ ရှိနေသလား(သို့) မရှိဘူးလားဆိုသည့် အချက်အားသိချင်ကြောင်း မေးမြန်းခဲ့ပါသည်။

လက်ရှိအနေဖြင့် တခုခြင်းစီအတွက်တော့ ရှိမနေသေးကြောင်း၊ အချို့ သော Items များတွင်တော့ ရှိထားပြီးဖြစ်ပြီး Capacity Building and Communication& Outreach များအား ဘယ်လိုသွားမလဲ ဆိုသည်မှာတော့ရှိထားကြောင်း၊ အချို့ Items များနှင့် ပတ်သတ်၍ အသေးစိတ်မဆွဲရသေးကြောင်း၊ ယခုပြထားသော Workplan မှာ Overview 3 Years Workplan အဖြစ်နှင့်ပဲရှိသေးကြောင်းနှင့် ဆက်လက်လုပ်ဆောင်ရန်လိုအပ်နေသေးကြောင်းအား စီမံကိန်း အကြံပေးအရာရှိမှ ပြန်လည်ဖြေကြားခဲ့ပါသည်။

အရပ်ဖက်ကိုယ်စားလှယ်မှလည်း အဲဒီလိုအချက်အလက်များမရှိပါက Budget ဆွဲရန် ခက်ခဲမည် ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် Cadastre Map လုပ်မည်ဆိုပါက TOR ပြင်ဆင်ခြင်း၊ Consultant ငှားရမ်းခြင်း၊ Training များပြုလုပ်ခြင်းဆိုသည့် အသေးစိတ်အချက်အလက်များ ပါဝင်မှာဖြစ်ပြီး၊ အဲ့ဒီအချက်အလက်များပါဝင်မှ သာ Overall အနေဖြင့် Budget ၏ လိုအပ်ချက်အစစ်အမှန် အား အနီးစပ်ဆုံး ခန့်မှန်းနိုင်မှာ ဖြစ်ကြောင်း၊ အချိန်ပေးပြီးလုပ်ဆောင်ရန်လိုအပ်ပြီး ကျွမ်းကျင်မှု့များလည်း လိုအပ် ကြောင်းနှင့် အဲဒီအချက်များကို အာရုံစိုက်လုပ်ဆောင်မှသာလျှင် Budget ကိစ္စက ပိုပြီးပြီးပြည့် စုံမှာ ဖြစ်ကြောင်းအား ထပ်မံ၍ ပြန်လည်ဆွေးနွေးခဲ့ပါသည်။

**၁၁။ EITI စံနှုန်း ၇.၁ (ဂ) အရ Open Data နှင့်ပတ်သက်၍ မူဝါဒ နှင့်ဖွံ့ဖြိုးတိုး တက်မှုဆောင်ရွက်ချက်အား ရှင်းလင်းတင်ပြခြင်း (စီမံကိန်းအကြံပေးအရာရှိ၊ အမျိုးသားအဆင့်ညှိနှိုင်း ဖော်ဆောင်ရေးမှုးရုံး)**

အမျိုးသားအဆင့်ညှိနှိုင်းဖော်ဆောင်ရေးမှုးရုံးမှ စီမံကိန်းအကြံပေးအရာရှိမှ Open data policy အတွက် ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြရာတွင် Open data policy သည် EITI ၂၀၁၆ စံနှုန်းလိုအပ်ချက်အရ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ NCS ရုံးအနေဖြင့် ၎င်းနှင့်စပ်လျဉ်း၍ guidelines ပြင်ဆင်ထားကြောင်း၊ ၉ ကြိမ်မြောက် MSG အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း ဖန်တီးရာ (Phandeeyar) မှ ကူညီပံ့ပိုးပေးထားကြောင်း၊ ယင်း policy အားအသေးစိတ် ဆွေးနွေးပေးရန် အတွက် workplan and governance sub-committee meeting ကိုကျင်းပခွင့်ပြုရန် တောင်းဆိုကြောင်း၊ နောက်တစ်ချက်အနေဖြင့် open data policy အပြင် ယင်းအတိုင်း EITI အစီရင်ခံစာတွင်ပါဝင်သော ၂ နှစ်စာ ဒေတာများအား website ပေါ်တွင် တင်ပေးရန် လိုအပ်ကြောင်း၊ ပြည်သူလူထု နှင့် researchers များမှ အလွယ်တကူ သတင်းအချက်အလက်များကို ရယူနိုင်မည်ဖြစ်ကြောင်း၊ Phandeeyar ၏ နည်းပညာအကူအညီဖြင့် workplan

ထဲတွင် ယင်းကို မတ်လ အစီရင်ခံစာထွက်ရှိသည့်အချိန်တွင် ပြီးစီးနိုင်အောင်ဆောင်ရွက်နေကြောင်း၊ လိုအပ်သည့်ဒေတာများကိုလည်း Moore Stephens မှ download ရယူနိုင်မည့်ပုံစံဖြင့် ပေးရန်ကို စာချုပ်ထဲတွင် ချုပ်ဆိုထားပြီးဖြစ်ကြောင်း ရှင်းလင်းခဲ့ပြီး ပြင်ဆင်ထားသည့် design ကိုတင်ပြခဲ့ပါသည်။ ယင်းတွင် ပထမအစီရင်ခံစာမှ ဒေတာများနှင့် ၂ နှစ်စာပါဝင်သည့် ဒုတိယအစီရင်ခံစာအတွက် သုံးနှစ်စာအသေးစိတ်အား မတ်လတွင် အချိန်တင်ပေးရန် ပြင်ဆင်နေကြောင်း၊ ယင်းအတွက် ၎င်းကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် workplan & governance sub-committee အစည်းအဝေးတွင် အသေးစိတ်ဆွေးနွေးပါရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးမှ Report ကိုမည်သည့် format ဖြင့်ဆောင်ရွက်မှာလဲ ဟုမေးမြန်းခဲ့ရာ Program Advisor မှ EITI requirement အရ report format ရှိပြီးဖြစ်ကြောင်း၊ လိုအပ်သည့် raw data များကို IA ထံမှ ရရှိမည်ဖြစ်ပြီး website ပေါ်တွင်တင်ပြမည့်ပုံစံပြောင်းရန်အတွက်ကို Phandeeyar မှ technically အရအကူအညီပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ယင်းနောက် အခြားနိုင်ငံများ၏ website ပေါ်တွင် တင်ထားသည့် ပုံစံများ ကိုလည်း ရှင်းလင်းတင်ပြခဲ့ပါသည်။

**၁၂။ တနင်္သာရီတိုင်းတွင် SNU ဖွဲ့စည်းနိုင်ရန်နှင့်အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ရန် အတွက် သွားရောက်ညှိနှိုင်းဆောင်ရွက်ခဲ့မှုနောက်ဆုံး အခြေအနေအားတင်ပြခြင်း (စီမံကိန်းအကြံပေးအရာရှိ၊ အမျိုးသားအဆင့်ညှိနှိုင်း ဖော်ဆောင်ရေးမှူးရုံး)**

SNU နှင့် ပတ်သတ်၍ ပြီးခဲ့သော သုံးပွင့်ဆိုင်ညွှန့်ပေါင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ ပြည်နယ်နှင့် တိုင်း ခြောက်ခုအား သွားရောက်မည့် အစီစဉ်မှာ ပထမဦးစွာ တနင်္သာရီတိုင်းအား သွားရောက်ခဲ့ပြီး ပြည်နယ်နှင့်တိုင်းအသီးသီးအား သုံးပွင့်ဆိုင်ညွှန့်ပေါင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ အနည်းဆုံး (၂) ခေါက်စီသွားရန်ဆုံးဖြတ်ခဲ့ပြီး ပထမအခေါက်တွင် ကနဦးမိတ်ဆက်ခြင်းအနေဖြင့် သွားရောက်ရန်နှင့် နောက်တခေါက်တွင် SNU Formation Workshop လုပ်ရန်သွားရောက်မည် ဖြစ်ပါသည်။ တနင်္သာရီတိုင်းဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော် ကိုယ်စားလှယ်များပါ စိတ်ဝင်စားစွာ တက်ရောက်ခဲ့ကြပါသည်။ EITI Awarness နှင့် ပတ်သတ်ပြီးရှင်းပြခဲ့ ပါသည်။ နောက်ထပ်အနေဖြင့် SNU TOR and Formation များ ပါဝင်မည့်သူများ အကြောင်းနှင့်

နာယကနှင့် ဆွေးနွေးရမည့် အချက်များအားလည်း ဖေဖော်ဝါရီ (၂၆) နှင့် (၂၇) တွင် Workshop Date အား ရရှိခဲ့ပြီး ဖြစ်ပါသည်။ အစိုးရကဏ္ဍမှ ဆရာဦးသန်းဌေးအောင်၊ ပုဂ္ဂလိက ကဏ္ဍမှ ဆရာ ဦးခင်မောင်ဟန်နှင့် အရပ်ဖက် ကဏ္ဍ မှ ဦးအောင်လွင်၊ NCS မှ National Coordinator နှင့် အတူ NCS team မှ လည်းပူးပေါင်းပါဝင်ခဲ့ပါသည်။

SNU TOR တွင် နာယကပဲပါဝင်ပြီး ဥက္ကဋ္ဌ နေရာ မပါဝင်ကြောင်း၊ နာယကနေရာတွင်လည်း သက်ဆိုင်ရာဝန်ကြီးလို့ပဲဖော်ပြထားပါကြောင်းနှင့် နာယကပြီးလျှင် အတွင်းရေးမှူးနေရာ ဖြစ်နေသည့်အတွက် ဆွေးနွေးဆုံးဖြတ်ရန်လိုအပ်ကြောင်းအား National Coordinator မှ ပြောကြားခဲ့ပါသည်။ နောက်ထပ်သွားရောက်မည့် SNU Workshop ကြလျှင် အသေးစိတ်ဆွေးနွေးရန် လိုအပ်ပါသဖြင့် ဆွေးနွေးရန်လိုအပ်ကြောင်းအား လည်း စီမံကိန်း အကြံပေးအရာရှိမှ ဖြည့်စွက်ပြောကြား ခဲ့ပါသည်။ နောက်ထပ်အနေဖြင့် SNU ဖွဲ့စည်းရာတွင် နာယကမှ အတွင်းရေးမှူးဖွဲ့ရမည်ဖြစ်ပြီး အဆိုပါအတွင်းရေးမှူးအဖွဲ့တွင် သုံးယောက်ပါဝင်မည်ဖြစ်ပြီး အတွင်းရေးမှူးအဖွဲ့မှ ညှိနှိုင်းဖော်ဆောင်ရေးရုံး နှင့် အတူပြည်နယ်နှင့် တိုင်းဒေသကြီးတွင် ဖြစ်ပေါ်နေသော တိုးတက်မှုများအား သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့အစည်းအဝေးပွဲများတွင် ဆွေးနွေးပါရန်ဖြစ်ပါသည်။

SNU တွင် ပြည်နယ်နှင့် တိုင်းဝန်ကြီးချုပ်မှ နာယကဖြစ်ပြီး နာယကမှ တာဝန်ပေးအပ်သော ဝန်ကြီး (သို့) အဆင့် မြင့်အရာရှိ တစ်ဦးဆိုပြီးတော့ရေးသားထားကြောင်း၊ အဲဒီအချက်ပြီးတော့မှ အတွင်းရေးမှူးအဖွဲ့အား အရပ်ဖက်အဖွဲ့ကိုယ်စားလှယ်တစ်ဦး၊ ပုဂ္ဂလိကမှ ကိုယ်စားလှယ်တစ်ဦး၊ အစိုးအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး ဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း SNU TOR တွင် ဖော်ပြထားကြောင်း ကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးခဲ့ပါသည်။ ထိုကြောင့် SNU TOR အားပြန်လည် ကြည့်ပေးမည်ဖြစ်ကြောင်းအား စီမံကိန်း အကြံပေးအရာရှိမှ ပြန်လည်ပြော ကြားခဲ့ပါသည်။

### ၁၃။ Mining Cadaster နှင့် Beneficial Ownership (BO) တို့နှင့် ပတ်သတ်၍ နောက်ဆုံးအခြေအနေများအား ရှင်းလင်းတင်ပြခြင်း (နည်းပညာပိုင်းဆိုင်ရာညှိနှိုင်းရေးမှူး၊ အမျိုးသားအဆင့်ညှိနှိုင်း ဖော်ဆောင်ရေးမှူးရုံး)

နည်းပညာဆိုင်ရာ ညှိနှိုင်းရေးမှူးမှ Mining Cadastre နှင့်စပ်လျဉ်း၍ ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာတွင် Mr. Enrique Ortega (Mining Cadastre Consultant) သည် မြန်မာနိုင်ငံသို့ နိုဝင်ဘာလ ၄ရက်နေ့ မှ ၁၇ရက်အထိ လာရောက်လေ့လာခဲ့ကြောင်း၊ နိုဝင်ဘာလ (၁၇) ရက်နေ့ တွင် Mining

Cadastre Subcommittee အဖွဲ့ဝင်များကို အခြားနိုင်ငံများတွင် ဆောင်ရွက်နေမှုပုံစံများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာအစိုးရဌာနများနှင့် တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ရရှိလာသည့် အခြေအနေနှင့် ဆောင်ရွက်ရန်လိုအပ်ချက်များ ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြောင်း၊ နိုဝင်ဘာလ (၂၅)ရက်နေ့တွင် Preliminary report လက်ခံရရှိခဲ့ကြောင်း၊ အစီရင်ခံစာ၏ Executive Summary ကို ဘာသာပြန်ဆိုပြီး ဒီဇင်လာလ (၁၉)ရက်နေ့ MEITI-MSG အစည်းအဝေးမှာ ဖြန့်ဝေထားခဲ့ကြောင်း၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် ကော်မတီအဖွဲ့ဝင်များအပြင် လုပ်ငန်းဌာနများမှ ကျွမ်းကျင်ပညာရှင်များကို ဖိတ်ကြားပြီး Mining Cadastre Subcommittee အစည်းအဝေး ကျင်းပခဲ့ပြီး preliminary report နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီဖြစ်သည့်အတွက် Preliminary Report နှင့်ပတ်သက်၍ Mining Cadastre Subcommittee အဖွဲ့ဝင်များ၏ သဘောထားမှတ်ချက်များကိုလည်းလက်ခံရရှိပြီး Mr. Enrique ဆီ ပေးပို့ထားပြီးဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

ယင်းနောက် ၎င်းမှ ၂၀၁၈ **ခုနှစ်၊ ဇန်နဝါရီလ** (၁၉) **ရက်နေ့တွင်** ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်များအား တင်ပြခဲ့ပါသည်။ ဆက်လက်၍ ၎င်းမှ Mr. Enrique Ortega သည် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်ခရီးစဉ်အဖြစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၃ ရက်နေ့အထိ လာရောက်မည်ဖြစ်ကြောင်း နှင့် ယင်းခရီးစဉ်အတွင်း တွေ့ဆုံမည့်အဖွဲ့အစည်းများနှင့် အစည်းအဝေး အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ယင်းနောက် ၎င်းမှ BO အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ၂၀၁၇ခုနှစ် ဒီဇင်လာလ (၂၆) ရက်နေ့တွင် ASI နဲ့ စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ ASI team (Inception mission) အနေဖြင့် ဇန်နဝါရီလ (၂၉) မှ မတ်လ (၂) ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်၍ သက်ဆိုင်ရာ အစိုးရဌာနများ၊ NGOs များနှင့် INGOs တို့ဖြင့်တွေ့ဆုံမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် Anti-corruption Commission, DICA, OAG, **FIU**, IRD, MFMA, MGJEA, MATA/NRGI နှင့် လွှတ်တော်ဥပဒေကြမ်းကော်မတီ တို့ဖြင့်တွေ့ဆုံရန် စီစဉ်ထားကြောင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် BO Taskforce ဖွဲ့စည်းရန်အတွက် အစိုးရကဏ္ဍမှ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ သတ္တုတွင်းဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ဖြင့် ဖွဲ့စည်းရန် အကြံပြုထားကြောင်း၊

ပုဂ္ဂလိကကဏ္ဍအနေဖြင့် သတ္တုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် တို့ပါဝင်ဖွဲ့စည်းရန်နှင့် အရပ်ဘက်အဖွဲ့အစည်းကဏ္ဍအနေဖြင့် MATA အဖွဲ့တို့ဖြင့်ဖွဲ့စည်းရန် အကြံပြုထားကြောင်း တင်ပြခဲ့ပါသည်။

ယင်းနောက် BO taskforce ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆွေးနွေးခဲ့ကြပါသည်။

FIU သည် မည်သည့်ဝန်ကြီးဌာနအောက်တွင်ရှိသလဲ။

FIU သည်ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင် ရှိကြောင်း၊ ရဲချုပ်အောက်တွင်ရှိကြောင်း နှင့် FIU ဥက္ကဋ္ဌသည် Anti-money laundering taskforce ဥက္ကဋ္ဌသည် အတူတူပင်ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

Work nature အရ FIU မှ ဦးဆောင်ဆောင်ရွက်နိုင်လျှင်ကောင်းမွန်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

FIU သည်ရဲမှူးတစ်ယောက်ဦးဆောင်ဖွဲ့ထားကြောင်း၊ Anti-money laundering law နှင့် အကြမ်းဖက်ဥပဒေတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍ ဖွဲ့ထားကြောင်း၊ ဘာတွေထပ်ထည့်မလဲကို ဆွေးနွေးရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေကို FIU မှအကောင်အထည်ဖော်နေသည့်အတွက် BO ကိုပါတွဲကိုင်လျှင် workload ပိုသွားမည်ကိုစိုးရိမ်ကြောင်း၊ anti-corruption commission ကိုပါထည့်သွင်းမလားဆွေးနွေးရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

BO အဓိပ္ပာယ်ကိုဘယ်လိုဖွင့်မလဲ နှင့် BO ကိုဘာကြောင့်လုပ်ရမလဲ နှင့်လုပ်လျှင်ဘာရမလဲ၊ မလုပ်လျှင်ဘာဖြစ်မလဲ နှင့် ရလာသည့်သတင်းအချက်အလက်ဘယ်လောက်မှန်ကန်သလဲ ကို စဉ်းစားထားရန်လိုအပ်ကြောင်း၊ ဆောင်ရွက်သည့်အဖွဲ့အနေဖြင့်လည်း mandate မရှိပါက ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ BO taskforce ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ အသေးစိတ်ကို နည်းပညာ နှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် အသေးစိတ်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။

**၁၄။ ၁၀ ကြိမ်မြောက် သုံးပွင့်ဆိုင် အစည်းအဝေးဆုံးဖြတ်ချက်များချမှတ်အတည်ပြုခြင်း (စီမံကိန်းအကြံပေးအရာရှိ၊ အမျိုးသားအဆင့်ညှိနှိုင်း ဖော်ဆောင်ရေးမှူးရုံး)**

ယင်းနောက် NCS ရုံး၏ စီမံကိန်းအကြံပေးအရာရှိမှ ၁၀ ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်များအား အတည်ပြုချက်ရယူပါသည်။

MYANMAR MEITI Extractive Industries Transparency Initiative

## ၁၅။ နိဂုံးချုပ် အမှာစကားပြောကြားခြင်း (MEITI-MSG ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)

သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းမှ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အားလုံးပူးပေါင်း ဆွေးနွေးပေးကြသည့်အတွက်ကျေးဇူးတင်ရှိကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက်လည်း လုပ်ဆောင်ရမည့်အရာများကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ၂၀၁၄-၁၅ ခုနှစ်အတွက် EITI အစီရင်ခံစာထွက်ရှိပြီး အကြံပြုချက် အချက် (၂၀) ပါဝင်ကြောင်း၊ ၂၀၁၅-၁၆ အစီရင်ခံစာလည်း မကြာမီထွက်ရှိမည်ဖြစ်သလို ယင်းတွင်ပါဝင်မည့် အကြံပြုချက်များမှာ ၂၀၁၄-၁၅တွင်ပါဝင်သည့် အကြံပြုချက်များနှင့် အရမ်းကွာခြားမည်မထင်ကြောင်း၊ အကြံပြုချက်များအတိုင်းလိုက်နာဆောင်ရွက်စရာ ကိစ္စများလည်းရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် EITI လုပ်ငန်းစဉ်ကိုအကောင်အထည်ဖော်ရခြင်းမှာ အစီရင်ခံစာထွက်ရှိခြင်းကိုသာမကဘဲ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် သဘာဝသယံဇာတများကို စီမံခန့်ခွဲရန် နှင့် နောင်မျိုးဆက်သစ်များအတွက်ပါ ထည့်သွင်းစဉ်းစားရန်တို့ဖြစ်ကြောင်း၊ တစ်ခါတစ်ရံတွင် အသေးစိတ်များကို ဆွေးနွေးခြင်းအားဖြင့် ဦးတည်ချက်များနှင့် ကွဲလွဲသွားနိုင်ကြောင်း၊ စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းသည်လည်း EITI စံနှုန်း လိုအပ်ချက်အရဆောင်ရွက်နေကြောင်း၊ ဒေတာကွာဟချက်များသည် ရရှိသည့် အချိန်အရ၊ လိုအပ်ချက်အရ နှင့် reporting templates တွင်နားမလည်မှုလွဲစွာဖြည့်သွင်းခြင်းကြောင့် ကွဲလွဲချက်များတွေ့ရကြောင်း၊ အစိုးရအနေဖြင့် ဘဏ္ဍာငွေများကို လျို့ဝှက်ထား၍ မရကြောင်း နှင့် အလွဲသုံးစားလုပ်၍မရကြောင်း၊ အမှန်တစ်ကယ်တွင် အစိုးရ၏ စာရင်းထိန်းသိမ်းမှုစနစ်အရ ငွေပေးချေမှုမှန်သမျှသည် အစိုးရအကောင့်အတွင်း တစ်ချိန်ချိန်တွင် အကုန်ဝင်သွားမည်ဖြစ်ပါကြောင်း၊ ဒေတာကွာဟချက်များအပေါ် emphasis မလုပ်စေချင်ကြောင်း၊ IA ထံမှအကြံညဏ်များရယူသလို သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များပူးပေါင်း၍ နိုင်ငံတစ်ကာ နှင့် မြန်မာနိုင်ငံအတွက် အဆင်ပြေသည့် recommendations များဖြစ်သင့်ကြောင်း၊ အစိုးရအနေဖြင့် ယင်းတို့ကို အကောင်အထည်ဖော်ရာတွင် လုပ်သာကိုင်သာရှိသင့်ကြောင်း၊ အချို့သော အကြံပြုချက်များသည် လုပ်ကိုင်ရခက်ခဲသည့်အတွက် အချို့နိုင်ငံများအနေဖြင့် ကျရှုံးမှုများရှိကြောင်း၊ ယင်းအတွက်ကြောင့် အားလုံးပူးပေါင်းပါဝင်ရန် နှင့် ရှေ့ဆက် ဆောင်ရွက်ရန်ကျန်ရှိနေသေးသည့် ကိစ္စများအတွက်လည်း သက်ဆိုင်ရာ sub-committee အဖွဲ့ဝင်များ နှင့် သက်ဆိုင်ရာအဖွဲ့များအနေဖြင့်အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေးကြပါရန် နှင့် လူကြီးများဘက်မှလည်း အမြဲအားပေး၍ လိုအပ်သည့်အချက်များကို ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးနေကြောင်း၊ ရှေ့ဆက်ဆောင်ရွက်စရာအများကြီးရှိသည့်အတွက် MSG ဆောင်ပုဒ်အတိုင်း "ပွင့်လင်းမြင်သာ တာဝန်ယူပါ" ဆိုသည့်အတိုင်း ပွင့်လင်းမြင်သာမှုရှိရှိ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် တူညီသည့် ရည်ရွယ်ချက်ဖြစ်သော တိုင်းပြည်အကျိုးအတွက် နှင့် နောင်လာနောင်သားများအတွက် ကောင်းမွန်သော သယံဇာတများချန်ထားရန်ဆောင်ရွက်နေသည့်အတွက် တစ်ဦးနှင့်တစ်ဦး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြရင်း တိုင်းပြည်အကျိုးအတွက်ဆောင်ရွက်ပေးကြပါရန် နိဂုံးချုပ်ပြောကြားခဲ့ပါသည်။

No. (24-26), Unit 6F, Level 6, South Horse Race Course Street, Tamwe Township, Yangon.
No. (39), Thiriyadanar Complex, Zabuthiri Township,
Nay Pyi Taw.
+959 400888123 | communication@myanmareiti.org | www.myanmareiti.org

Fiscal Policy, Strategy and EITI Division, Budget Department,
Office No (26), Naypyidaw.
067-410533, | myanmareiti.mopf@gmail.com

## နောက်ဆက်တွဲ (၁) ဒသသမ အကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်သူများ စာရင်း

| စဉ် | အမည် | အဖွဲ့အစည်းအမည် | ရာထူး | အီးမေးလ်လိပ်စာ |
|---|---|---|---|---|
| ၁ | ဦးကျော်ဝင်း | MOPF | Minister | |
| ၂ | ဦးအုန်းဝင်း | MONREC | Minister | |
| ၃ | ဦးဝင်းခိုင် | MOEE | Minister | |
| ၄ | ဦးမောင်မောင်ဝင်း | MOPF | Deputy Minister | maungmaungwin58@gmail.com |
| ၅ | ဦးဝင်းထိန် | DOM | DG (Retd.) | uwinhtein58@gmail.com |
| ၆ | ဦးမျိုးမြင့်ဦး | MOGE | MD | |
| ၇ | ဦးကျော်သက် | DOM | DDG | k.that2011@gmail.com |
| ၈ | ဦးမျိုးနိုင် | MGE | Director | myonaingmge@gmail.com |
| ၉ | ဦးနေလင်းစိုး | IRD (MOPF) | Director | naylinsoe.ird@gmail.com |
| ၁၀ | ဦးစိုးရီ | MTE | AGM | soeyee.mte@gmail.com |
| ၁၁ | ဒေါ်ထားရီ | OAG | Director | |
| ၁၂ | ဒေါ်မိမိဝင်း | GAD | Alternative | gad.office.gov@gmail.com |
| ၁၃ | ဦးဝင်းမျိုးသူ | MATA | MSG | winmyothu@gmail.com |
| ၁၄ | ဦးကျော်သူ | MATA | MSG | kyawthutiger@gmail.com |
| ၁၅ | ဦးအောင်ကျော်မိုး | MATA | MSG | komoe.akm@gmail.com |
| ၁၆ | ဦးနိုင်လင်းထွဋ် | MATA | MSG | linlin751245@gmail.com |
| ၁၇ | ဦးသန့်ဇင် | MATA | MSG | mgthantzindawei@gmail.com |
| ၁၈ | ဦးစောမီဘွေဒိုထွန်း | MATA | MSG | mebwaydoh@gmail.com |
| ၁၉ | ဦးမုန်ဒန် | MATA | MSG | mangoesdam@gmail.com |
| ၂၀ | ဒေါ်မိုးမိုးထွန်း | MATA | MSG | moe2tun@gmail.com |
| ၂၁ | ဦးအောင်ဖြိုးကျော် | MATA | Alternative | caspa007@gmail.com |
| ၂၂ | ဦးဇော်ဘိုခန့် | MGJEA | CEC | kobobo001@gmail.com |
| ၂၃ | ဦးခင်မောင်ဟန် | MFMA | Chairman | khinmghan@gmail.com |
| ၂၄ | ဦးဝင်းတင် | Total | Alternative | u.win-tin@total.com |
| ၂၅ | ဦးနန်းဝင်း | MGJEA | Secretary | nanwinhk@gmail.com |
| ၂၆ | ဦးမျိုးဇော်ဦး | MPRL Exp | SSEO | myo.z.oo@gmail.com |
| ၂၇ | ဦးစောလုစေဝါး | Myanmar Yangtse Copper | Alternative | |
| ၂၈ | ဦးစိုးဝင်း | NCS | National Coordinator | nationalcoordinator@myanmareiti.org |
| ၂၉ | ဦးအောင်ခိုင် | NCS | DNC | aungkhine.meiti@gmail.com |

MYANMAR MEITI Extractive Industries Transparency Initiative

| | | | | |
|---|---|---|---|---|
| ၃၀ | ဒေါ်ဇင်မာမြိုင် | NCS | PA | |
| ၃၁ | ဒေါ်အိအိရည်မွန် | NCS | PM | programmemanager@myanmareiti.org |
| ၃၂ | ဦးထွန်းပေါ်ဦး | NCS | TS | uhtunpawoo51@gmail.com |
| ၃၃ | ဦးစိုးသီဟနိုင် | NCS | Admin Officer | admin@myanmareiti.org |
| ၃၄ | ဦးပြေသာကျော် | NCS | IT & Outreach Officer | pyaythar.meiti@gmail.com |
| ၃၅ | ဦးကျော်ညွန့်မောင် | NCS | TC | kyawnyunt.maung@gmail.com |
| ၃၆ | ဒေါ်ငယ်ငယ်လွင် | NCS | CO | communication@myanmareiti.org |
| ၃၇ | ဒေါ်ရွှေရည်အောင် | NCS | FO | finance@myanmareiti.org |
| ၃၈ | ဦးကျော်သင်းမောင် | NCS | PA | kyawthinmaun.meiti@gmail.com |
| ၃၉ | ဦးတက်ထွန်းဆိုင် | NCS | Admin Staff | tattunsai.meiti@gmail.com |
| ၄၀ | ဒေါ်အေးချမ်းဝေ | NCS | CA | ayechanwai.meiti@gmail.com |
| ၄၁ | ဒေါ်မိမိခိုင် | IRD | AD | |
| ၄၂ | ဒေါ်အိနီတာ | IRD | Staff Officer | einitar1989@gmail.com |
| ၄၃ | ဦးသိန်းထွန်း | DOM | AD | theinhtun.dgse@gmail.com |
| ၄၄ | ဒေါ်ကေသီခိုင် | US Embassy | Economic Specialist | khaingkt@state.gov |
| ၄၅ | ဒေါ်နွယ်နွယ်ဝင်း | Budget Department | DG | nwenwewin1957@gmail.com |
| ၄၆ | ဒေါ်ခင်ခင်လွင် | MOBD | Director | khinlwin@gmail.com |
| ၄၇ | ဦးဆန်းဝင်း | MOBD | DD | sunwin.mof@gmail.com |
| ၄၈ | ဒေါ်နှင်းဝေအောင် | MOBD | AD | hninwaaung.budget@gmail.com |
| ၄၉ | ဒေါ်ခင်ပပခိုင် | MOBD | AD | khinpapakhaing.kppk@gmail.com |
| ၅၀ | ဒေါ်ရွှေရည်ဝင်း | MOBD | SO | shweyeewin.mdy@gmail.com |
| ၅၁ | ဒေါ်သင်းသင်းအောင် | MOBD | SO | ttaung@gmail.com |
| ၅၂ | ဒေါ်မျိုးမြတ်ခိုင် | MOBD | DSO | myomyatkhaing1@gmail.com |
| ၅၃ | ဦးမော်ထွန်းအောင် | NRGI | Myanmar Manager | |
| ၅၄ | Katthin Sawnon | NRGI | | |
| ၅၅ | Hosana | NRGI | | hchay@resourcegovernance.gov |
| ၅၆ | ဒေါ်အေးကြည်ဆွေ | NRGI | | |
| ၅၇ | ဒေါ်ခင်စောဌေး | NRGI | | |
| ၅၈ | ဦးဆလိုင်းကျုံးလျန်ထောင်း | Pyoe Pin | SA | |
| ၅၉ | ဦးမင်းသူ | MGE | Manager | minthu209.1962@gmail.com |

MYANMAR EITI Extractive Industries Transparency Initiative

| | | | | |
|---|---|---|---|---|
| ၆၀ | ဒေါ်ကြူကြူဝင်း | MGE | Manager | kkywin.1969@gmail.com |
| ၆၁ | Shona Kirkwood | WB | Consultant | |
| ၆၂ | ဒေါ်တင်ဇာထွန်း | WB | Consultant | thtun@worldbank.org |
| ၆၃ | ဦးသော်တင့် | MRE | Director | myanmarrubyenterprise@gmail.com |
| ၆၄ | ဦးအေးနိုင် | DD | GAD | |
| ၆၅ | ဦးထူးအောင် | MATA | Observer | mata.comofficer@gmail.com |
| ၆၆ | Dr. Nay Chi Thu | MFMA | | |
| ၆၇ | ဦးရဲလင်းမြင့် | MATA | Observer | |
| ၆၈ | ဦးကျော်စိုးဝင်း | MYTCL | Observer | |
| ၆၉ | Jeremy.Weate | ASI | Consultant | Jeremy.Weate@adamsmithinternational.com |
| ၇၀ | Juliana Stoyanova | ASI | Consultant | Juliana.Stoyanova@adamsmithinternational.com |
| ၇၁ | Antonia Mihaylova | Open Oil- ASI | Consultant | Antonia.Mihaylova@adamsmithinternational.com |
| ၇၂ | **Hedi Zaghouani** | IA (Moore Stephens) | Forestry Consultant | Hedi.Zaghouani@moorestephens.com |
| ၇၃ | ဒေါ်ချိုချိုတိုး | IA (Local Partner) | Observer | |
| ၇၄ | ဦးသန်းဌေးအောင် | MOGE | Expert/observer | |
| ၇၅ | Ms. Gay Ordenes | International Secretariat | Regional Director | |
| ၇၆ | Dyveke Rogan | International Secretariat | Policy Director | |

No. (24-26), Unit 6F, Level 6, South Horse Race Course Street, Tamwe Township, Yangon.
No. (39), Thiriyadanar Complex, Zabuthiri Township,
Nay Pyi Taw.
+959 400888123 | communication@myanmareiti.org | www.myanmareiti.org

Fiscal Policy, Strategy and EITI Division, Budget Department,
Office No (26), Naypyidaw.
067-410533, | myanmareiti.mopf@gmail.com

No. (24-26), Unit 6F, Level 6, South Horse Race Course Street, Tamwe Township, Yangon.
No. (39), Thiriyadanar Complex, Zabuthiri Township,
Nay Pyi Taw.
+959 400888123 | communication@myanmareiti.org | www.myanmareiti.org

Fiscal Policy, Strategy and EITI Division, Budget Department,
Office No (26), Naypyidaw.
067-410533, | myanmareiti.mopf@gmail.com

## (၁၀) ကြိမ်မြောက် MEITI- သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေး၏ ဆုံးဖြတ်ချက်များ

ရက်စွဲ။ ။ ၂၉ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ်

နေရာ။ ။ Horizon Lake View Resort, Naypyitaw

| စဉ် | ဆုံးဖြတ်ချက်များ | အချိန်ကာလ | လုပ်ဆောင်မည့်သူ | မှတ်ချက်များ |
|---|---|---|---|---|
| ၁ | ၇ ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးတွင်ရွှေပမာဏကို contract မှာပါသည့် Unit အတိုင်းထည့်ပေးရန်ပြောထားသော်လည်း အစီရင်ခံစာထဲရှိ in-kind payment flow reconciliation တွင် gold in ToZ နှင့် ဖော်ပြထားသည့်အတွက် Independent Administrator (IA) အနေဖြင့် ယင်းကို ပြန်လည်စစ်ဆေးပေးရန်။ သတ္တုဦးစီးဌာနမှ conversation units ကို နောက်ထပ်ကော်လံတစ်ခု တွင်ဖော်ပြပေးရန်။ | | Independent Administrator (Moore Stephens) | |
| ၂ | ၇ကြိမ်မြောက်သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးတွင် ပေးရန်ကျန်ရှိနေသေး သည့် ရွှေ In-kind ကိုထည့်သွင်းဖော်ပြမည်ပြောထားသော်လည်း အစီရင်ခံစာထဲ တွင် မပါသေးသည့်အတွက် သက်ဆိုင်ရာဌာနထံမှ တောင်းယူ၍ IA သို့ပေးပို့ရန်။ | | ME -2, NCS | |

| | | | | |
|---|---|---|---|---|
| ၃ | **အောက်ပါ အကြံပြုချက်များကို (၁၁) ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုမည်ဖြစ်ပါသည်။**<br>• နောက်ထွက်ရှိမည့် EITI အစီရင်ခံစာများတွင် အစိုးရ၏ loan ချေးငွေများ နှင့် contracts များကို review ပြန်လုပ်ရန်။<br>• License Awarding Process (အထူးသဖြင့် ရေနံ နှင့် သတ္တုကဏ္ဍအတွက်) အသေးစိတ်ကို အစီရင်ခံစာထဲတွင် ထည့်သွင်းဖော်ပြရန်။ (သက်တမ်းကုန်ဆုံးမည့်ရက်၊ လိုင်စင်ချထားပေးသည့်ရက်)<br>• အနာဂတ် EITI အစီရင်ခံစာ reconciliation ဆောင်ရွက်ရာတွင် ဘဏ်များကိုပါထည့်သွင်းဆောင်ရွက်ရန် နှင့် ယင်းတို့၏ အခြေအနေများကို review လုပ်ရန်။<br>• အစီရင်ခံစာတွင် ဒေတာကွာဟချက်များအတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ဘာကြောင့်ကွာဟသလဲကို analysis လုပ်ထားပြီး explanation လုပ်ထားရန် နှင့် ယင်းကို လာမည့် နည်းပညာ နှင့် အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီ အစည်းအဝေးတွင် ဆွေးနွေးရန်။<br>• ပထမအကြိမ်အစီရင်ခံစာအတွက် ရရှိထားသည့် Recommendations များအတွက် ဆောင်ရွက်ပြီးသည့်အချက်များ နှင့် မဆောင်ရွက်ရသေးသည့် အချက်များ၏ progress ကို Comparative Analysis ပြုလုပ်ရန်<br>• Work Plan တွင် Detailed Implementation Plan (DIP) ကို ၆ လစာအတွက် ရေးဆွဲထားရန်။<br>• စစ်ကိုင်းတိုင်းဒေသကြီးအတွက် လိုင်စင်ချထားပေးမှုအား EITI အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်။<br>• Payment Flow ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) ၏ Other Account တွင် ထည့်ဝင်မှုကို OA 1 နှင့် OA 2 ဟူ၍ခွဲခြားဖော်ပြရန်။ | | သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဝင်များ, MSG | (၁၁) ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေး |

| | | | | |
|---|---|---|---|---|
| | • EITI စံနှုန်းလိုအပ်ချက်အနေဖြင့် Other Account ထဲရှိဘဏ္ဍာငွေများ မည်သို့စီးဆင်းသလဲ/ ဘယ်လိုသုံးထားသလဲ ကိုဖော်ပြရန်။<br>• EITI အစီရင်ခံစာတွင် အခွန်ဥပဒေ ၄၉ ခ (Tax Law 49 -B) ပြန်လည်ပြင်ဆင်ရန်ကို အကြံပြုချက်အနေဖြင့် ဖော်ပြရန်။ | | | |
| ၄ | Open date policy အသေးစိတ်အစီအစဉ်အား လာမည့် Workplan & Governance sub-committee meeting တွင်ဆက်လက်ဆွေးနွေးရန်။ | | Workplan & Governance sub-committee meeting | |
| ၅ | Grant Agreemet အား 3 years workplan ထက် 2020 ခုနှစ် အထိ ဆက်လက်တိုးနိုင်မလား ဆိုသည့်အချက်တွင် ဖြစ်နိုင်ချေအား မှန်းပြီးဆွဲထားသော Revise Budget ပြန်လည် ရေးဆွဲတင်ပြပြီး မှအတည်ပြုနိုင်မယ်။ အသေးစိတ် အခြေနေအား Workplan & Governance Sub- Committee တွင် ပြန်လည်ဆွေးနွေးရန်။ | | Workplan & Governance sub-committee meeting | |
| ၆ | SNU နှင့်ပတ်သတ်၍ တစ်လတွင် တိုင်းနှင့် ပြည်နယ် တခုကို orientation သွားရောက်၍ အခြားတိုင်းနှင့်ပြည်နယ်တစ်ခုသို့ workshop ကျင်းပရန်။<br>တစ်လတွင် SNU နှင့်စပ်လျဉ်း၍ (၂) ခါ သွားရောက်မည်ဖြစ်ပြီး SNU Workshop သွားခဲ့လျှင် MSG member များမှ ပါဝင်ပေးပါရန် နှင့် Workshop အား (၂) ရက်တိတိ ကျင်းပသွားရန်။ | | NCS, MSG | |
| ၇ | ရှမ်းပြည်နယ်သို့ SNU orientation သွားရောက်ခြင်းကို တောင်ကြီးတွင် တစ်ကြိမ်တည်းပေါင်းကျင်းပရန် နှင့် SNU ဖွဲ့စည်းရမည့်အဖွဲ့ဝင်အရေအတွက်ကို မေးမြန်းပြီးပြန်လည်တင်ပြရန်။ | | NCS, MSG | |
| ၈ | ဆွေးနွေးရန် ကျန်ရှိနေသေးသည့် MSG ToRs ကို လာမည့် ၁၁ ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေး (သို့) sub-committee အစည်းအဝေးများတွင် ဆက်လက်ဆွေးနွေးရန်။ | | NCS, MSG | |

No. (24-26), Unit 6F, Level 6, South Horse Race Course Street, Tamwe Township, Yangon.
No. (39), Thiriyadanar Complex, Zabuthiri Township,
Nay Pyi Taw.
+959 400888123 | communication@myanmareiti.org | www.myanmareiti.org

Fiscal Policy, Strategy and EITI Division, Budget Department,
Office No (26), Naypyidaw.
067-410533, | myanmareiti.mopf@gmail.com

| | | | | |
|---|---|---|---|---|
| ၉ | **သက်ဆိုင်ရာဌာနများမှ** ~~reporting entities တွင်ပါဝင်သည့်သူများအား ဖိတ်ကြား၍~~ နည်းပညာ နှင့် အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီအစည်းအဝေး ကျင်းပခြင်း | ~~ဖေဖော်ဝါရီလ (၈)~~ ရက် | ~~လုပ်ငန်းခွဲကော်မတီအဖွဲ့ဝင်များ~~ | |
| ၁၀ | Workplan & Governance Sub-committee meeting | ဖေဖော်လဝါရီလ (၂၂) ရက် | လုပ်ငန်းခွဲကော်မတီအဖွဲ့ဝင်များ | Tentative Date |
| ၁၁ | Communication & Outreach Sub-committee meeting | ဖေဖော်ဝါရီလ (၂၃) ရက် | လုပ်ငန်းခွဲကော်မတီအဖွဲ့ဝင်များ | Tentative Date |
| ၁၂ | Mining Cadastre Sub-committee meeting | ဖေဖော်ဝါရီလ (၁၃) | လုပ်ငန်းခွဲကော်မတီအဖွဲ့ဝင်များ | |
| ၁၃ | ၁၁ ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့အစည်းအဝေးတွင် Independent Administrator (IA) ကိုဖိတ်ကြား၍ အစီရင်ခံစာအား ရှင်းလင်းတင်ပြခြင်း နှင့် ဆွေးနွေးဖြေရှင်းချက်များအား လာရောက်နားထောင်ခြင်း နှင့် ဆွေးနွေးခြင်းကို နေပြည်တော်တွင် ကျင်းပရန် | ဖေဖော်ဝါရီလ (၁၄) ရက် နှင့် (၁၅) ရက် | MSG အဖွဲ့ဝင်များ၊ NCS | နေပြည်တော် |
| ၁၄ | သစ်တောအစီရင်ခံစာအတွက်ထွက်ရှိရေး သက်ဆိုင်ရာအစိုးရဌာနများနှင့် ကုမ္ပဏီများကိုပေးမည့် Reporting Entities Template Training ကျင်းပမည့်ရက်ကို သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းရန်။ | | NCS, FD, MTE, FPJVC | ရန်ကုန် |
| ၁၅ | အစီရင်ခံစာထဲရှိ positive differences များနှင့် negative differences များကို မပေါင်းဘဲ သီးခြားစီခွဲပြီး ဇယားဖြင့်ဖော်ပြပေးရန်ကို NCS မှ Independent Administrator သို့အကြောင်းကြားရန်။ | IA မှ အစီရင်ခံစာ အကြောင်း | NCS & Independent Administrator | |

| | | | | |
|---|---|---|---|---|
| | | ~~လာရောက်မတင်~~<br>ပြခင် | | |
| ၁၆ | ပထမအကြိမ်အစီရင်ခံစာအတွက် ရရှိထားသည့် အကြံပြုချက်များနှင့်စပ်လျဥ်း၍ ဆောင်ရွက်ပြီးစီးမှု တိုးတက်မှုအခြေအနေများကို လုပ်ငန်းခွဲကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးရန်။ | | Sub-comittees members, NCS | |